# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ်(၃၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျောက်ဆည်ခရိုင်အတွင်း မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**မန္တလေး စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မြို့နယ်အလိုက် မိုးစပါးစိုက်ပျိုးထားရှိမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၅၀၆၅၇ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၂၉၁၁၆ ဧက၊ မြစ်သားမြို့နယ်တွင် ၅၇၃၈၄ ဧက စုစုပေါင်း ၁၃၇၁၉၇ ဧက စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

လက်ရှိအချိန်သည် မိုးတွင်းကာလဖြစ်သည့်အတွက် မိုးရွာသွန်းမှုအားကောင်းသောကြောင့် မိုးစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စပါးသက်တမ်းအနေဖြင့် ရက် ၉၀ သက်ငယ်မျိုး၊ သက်လတ်မျိုး ရက် ၁၃၀-၁၄၀ နှင့် သက်ကြီးမျိုး ရက် ၁၅၀ မျိုးများကို စိုက်ပျိုးကြကြောင်း၊ တောင်သူများအနေဖြင့် မိမိတို့ ရေမြေဒေသနှင့် ကိုက်ညီသောမျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ခရိုင်အတွင်း စိုက်ပျိုးသောမိုးစပါးမျိုးများမှာ အရည်အသွေးကောင်းမွန်သော ရောပဒေသာမျိုးများကို

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# ကော့သောင်းကုန်သွယ်ရေးစခန်း၌ ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၃ ရက်အထိ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၅ သန်းဖြစ်

**ကော့သောင်း စက်တင်ဘာ ၄**

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

ယခုနှစ် ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ပို့ကုန်တန်ချိန် ၂၄၅၆ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄၇ သန်း၊ သွင်းကုန် တန်ချိန် ၂၀၁ တန်၊ ၄၉၄၀ စည် (BBL)၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၀၈ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၅ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများမှာ ကဏန်း ၁၃၀ ဒသမ ၀၈ တန်၊ ငါးဗျော့သီး ၈၄ ဒသမ ၇၄၀ တန်၊ ငါးရွှေ ၈ ဒသမ ၅၆၀ တန်၊ တာတို ၃၉ ဒသမ ၆၈၀ တန်၊ ကုလားကုတ် ၃ ဒသမ ၇၂၀ တန်၊ ညိုချော ၃၀ ဒသမ ၈၅ တန်၊ ငါးပုလွေ ၁၄၅ ဒသမ ၇၄ တန်၊ စစ်ဟောက် ၂၁၃ ဒသမ ၁၄ တန်၊ သဲတိုး ၃ ဒသမ ၅၂၀ တန်၊ ရေဘဝဲ ၇ ဒသမ ၈၄၀ တန်တို့ဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁


**ယနေ့ ဖတ်စရာ**

**မိုခါမုန်တိုင်း ခံစားခဲ့ရပေမယ့် ပြည်သူတွေအနေနဲ့ လုံခြုံတဲ့၊ ပိုမိုကောင်းမွန်တဲ့ လူမှုဘဝကို ရရှိနေကြတာကို လက်တွေ့တွေ့မြင်ခဲ့ရတဲ့အတွက်လည်း မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုများအပေါ် များစွာချီးကျူးဂုဏ်ယူမိပါတယ်**
တွေ့ဆုံမေးမြန်း | စာ ၆

*ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းများနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ*
**ကိုက်ညီသည့်အုပ်ချုပ်ပုံစနစ်နှင့်အတူ လူ၏စေတနာကသာ ပို၍အရေးကြီးပါသည်**
ဆောင်းပါး | စာ ၁၀

**ဗုဒ္ဓူရှီးမား စွန့်ပစ်ရေနှင့် နောက်ဆက်တွဲအကျိုးဆက်များ**
ဆောင်းပါး | စာ ၁၆

## တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်

လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေး၊ နည်းလမ်း ကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဟူသော စံချိန်စံညွှန်းများနှင့် ညီညွတ်သည့် ရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရန်မှာ ဦးစွာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရန်လိုအပ်သည်။ နောက်ထပ်လိုအပ်ချက်တစ်ရပ်မှာ မဲပေးပိုင်ခွင့်ရှိသူများစာရင်း မှန်ကန်စွာရရှိရေးအတွက် အလေးထားဆောင်ရွက်ရန်ဖြစ်သည်။

CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် EAO အဖွဲ့အချို့၏ ပံ့ပိုးကူညီမှု၊ ထောက်ပံ့မှုများကို ရယူ၍ လက်နက်ကိုင်အကြမ်းဖက်မှုများကို ပြုလုပ်လျက်ရှိသည်။ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့ရှိ ဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်စေလျက်ရှိသည်။ ထို့ပြင် ဒေသအတွင်းရှိ ကျောင်းနေအရွယ်ကလေးများ၏ ပညာသင်ကြားမှု အခွင့်အရေးများစွာတို့လည်း နစ်နာဆုံးရှုံးနေကြရသည်။ ဒေသခံပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ထိခိုက်ပျက်စီးကြရသလို ဒေသအချို့တွင်မူ ဒေသခံပြည်သူများမှာ အိုးပစ်၊ အိမ်ပစ်နှင့် တိမ်းရှောင်ပြေးလွှားနေကြရသည်။

ယင်းသို့သော အခြေအနေများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် မဆိုထားဘိ သာမန်နေ့စဉ်ဘဝ ရှင်သန်နိုင်ရန်အတွက်ပင် ကျီးလန့်စာစား ခက်ခဲလျက်ရှိရာ ဒေသများတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မဖြစ်မနေ တည်ဆောက်သွားနိုင်ရန်လိုသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က " ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းသည့်နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတို့နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟသွားသည်ကို တွေ့ရကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) တွင် ပြောကြားခဲ့ပြီး ပြည်သူလူထုအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုးကို ကြည့်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ တည်ငြိမ်အေးချမ်းရေး ပူးပေါင်းဆောင်ရွက်ကြရန်လည်း မှာကြားခဲ့သည်။

ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းနေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်သာမက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်မည့် အခင်းအကျင်းတစ်ရပ်အတွက်ပါ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ လိုအပ်သည်။ နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပြေးညီ မည်သို့ပင်ဆောင်ရွက်ပေးစေကာမူ အကြမ်းဖက်မှုများရှိနေသည့် နယ်မြေများတွင် ဆောင်ရွက်၍မရခြင်းကြောင့် ယင်းနယ်မြေများမှာ နောက်ကျကျန်ရစ်ခဲ့မည်သာဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၏ ဆိုးကျိုးကို ခံယူရသူများမှာ ဒေသတွင်းနေထိုင်ကြသည့် ပြည်သူများပင်ဖြစ်သည်။ နယ်မြေဒေသများသည် နိုင်ငံတော်၏ အစိတ်အပိုင်းများပင်ဖြစ်ပြီး ဒေသတွင်းနေထိုင်ကြသူများမှာ နိုင်ငံသား တိုင်းရင်းသားပြည်သူများပင် ဖြစ်သည့်အလျောက် နိုင်ငံအနေဖြင့်လည်း ထိခိုက်နစ်နာဆုံးရှုံးရခြင်းပင်ဖြစ်ရာ အကြမ်းဖက်မှုများတိုက်ဖျက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်သူလူထု ပူးပေါင်းပါဝင်မှုအင်အားဖြင့် ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## တရားမ အထူးအယူခံမှု (၃) မှု ရုံးထိုင်ကြားနာ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေးတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်) နှင့် ၄၆/၂၀၂၂ (မန္တလေး)၊ စုစုပေါင်း တရားမ အထူးအယူခံမှု (၃) မှု တို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံမှ တက္ကသိုလ်ငါးခုနှင့် အိန္ဒိယနိုင်ငံရှိ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinary Kumar ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(အောက်ပုံ)

တွေ့ဆုံစဉ် Naypyitaw State Academy ၌ ဘာသာရပ်ခြောက်ခုတွင်ပါရဂူတန်းများ ဖွင့်လှစ်မည်ဖြစ်သောကြောင့် အိန္ဒိယတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ တက္ကသိုလ်ငါးခုနှင့် အိန္ဒိယနိုင်ငံရှိ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အိုင်စီတီ၊ အသိဉာဏ်တု၊ အဏ္ဏဝါသိပ္ပံ၊ အဏုဇီဝ၊ အင်္ဂလိပ်စာသင်ကြားရေး၊ စီးပွားရေးစီမံခန့်ခွဲမှု၊ သက်မွေးပညာ၊ ဆရာအတတ်ပညာဘာသာရပ်များအတွက် ပညာတော်သင် ပိုမိုစေလွှတ်နိုင်ရေး၊ Open University ကို အွန်လိုင်းဖြင့် ပို့ချပေးနိုင်မည့်အခြေအနေ၊ အိန္ဒိယပညာရေးဌာနများမှ အဆင့်မြင့်အရာရှိများနှင့် မြန်မာဘက်မှ ညွှန်ကြားရေးမှူးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် ချိတ်ဆက်ဆွေးနွေးရေး၊ ပညာတော်သင်များ ပိုမိုခေါ်ယူပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အိန္ဒိယ သံအမတ်ကြီးနှင့်အတူ ပထမအတွင်းဝန် Mr. Abhijit Shukla တက်ရောက်သည်။ သတင်းစဉ်



## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း (၂/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဒေသအစုံတွင် ပြည်သူများနှင့် လက်တွေ့အနီးကပ် တာဝန်ထမ်းဆောင်ရသည့် ဌာနဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများ ဖြစ်စေရေးအတွက် စွမ်းရည်မြှင့်သင်တန်းများ ပို့ချပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများသည် ပြည်သူ့ဆက်ဆံရေးကောင်းသည့် ဝန်ထမ်းများဖြစ်ရန် လိုအပ်ပြီး ရာထူးအဆင့်နှင့် လိုက်လျောညီထွေဖြစ်သည့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်ထားရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်လုပ်ငန်းသည် ဦးစီးဌာန၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်မည့်သူများသည် စာကြည့်တိုက်လုပ်ငန်းများ အောင်မြင်အောင် ကြိုးစားသွားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း စိတ်ဝင်တစားဖြင့် ကြိုးစားလေ့လာသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေး သင်တန်းကို စက်တင်ဘာ ၄ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြများက ဦးစီးဌာန၏ မူဝါဒနှင့် အခန်းကဏ္ဍ၊ ရည်မှန်းချက်တာဝန်များ၊ ဤဦးစီးဌာနဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းထိန်းသိမ်းနည်း၊ စာကြည့်တိုက်လုပ်ငန်းများ စီမံခန့်ခွဲရေး၊ Digital Library စနစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် Digital Library Management System (DLMS) အသုံးပြုနည်း၊ သတင်းအမှန်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရေး လျင်မြန်သွက်လက်စွာ ထုတ်ပြန်နိုင်စေရန်နှင့် မီဒီယာကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် သတင်းအပြန်အလှန်စီးဆင်းရေး၊ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (MIL)၊ လူမှုမီဒီယာ(Social Media) သိကောင်းစရာများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း၊ သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေဘာသာရပ်များအပြင် လူထုဟောပြောနည်း၊ လက်ကမ်းစာစောင်နှင့် နံရံကပ်စာစောင် ပြုလုပ်ခြင်းစသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ


နေပြည်တော်　စက်တင်ဘာ ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ ပညာရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို ပိုမိုနီးကပ်စွာ ဆက်လက်အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းရန်အတွက် နှစ်ဖက်ဆက်လက် ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံ ကောင်စစ်ဆိုင်ရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံနှင့် ကုလသမဂ္ဂအပါအဝင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　စက်တင်ဘာ ၄

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဖလှယ်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာပညာရေးဒီဂရီကောလိပ် လူငယ်သီတင်းပတ် အကြိုလှုပ်ရှားမှုဖွင့်ပွဲကျင်းပ

**မန္တလေး　စက်တင်ဘာ ၄**

မိတ္ထီလာပညာရေးဒီဂရီကောလိပ်၏ လူငယ်သီတင်းပတ် အကြိုလှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ်ရှိ ပညာပါရမီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက လူငယ်သီတင်းပတ် အကြိုလှုပ်ရှားမှုအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုအဖွင့်စကားပြောကြားရာတွင် ဗလငါးတန်ပြည့်စုံသည့် လူငယ်လူရွယ်များ မွေးထုတ်ရာတွင် အသိဉာဏ်ပညာ ဆင်ခြင်တုံတရားများကို ရရှိနိုင်သော ပညာသင်ကြားနိုင်သည့် ဝန်းကျင်ကောင်းများ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ အနာဂတ်ကို လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ယူနိုင်မည့် ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်လာအောင် သင်ကြားပေးနိုင်သည့် မျိုးဆက်သစ် ဆရာကောင်း ဆရာမွန်များဖြစ်လာအောင် ကြိုးစားသင်ယူကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက ဗလ ငါးတန်နှင့်ပတ်သက်၍ သရုပ်ဖော်တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းသား သင်တန်းသူများ၏ လက်တွေ့တီထွင်ထားမှု၊ ပညာပေးပြသထားမှု၊ သိပ္ပံသင်ပြနည်းဌာနမှ သင်တန်းသား သင်တန်းသူများ တီထွင်ထားမှုကို လက်တွေ့ပြသမှု ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**



# ပြည်တက္ကသိုလ်၌ လူငယ်သီတင်းပတ် အခမ်းအနားဖွင့်ပွဲ ကျင်းပ

ပြည်　**စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပြည်တက္ကသိုလ်တွင် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် လူငယ်ကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်သော "လူငယ်သီတင်းပတ်(Youth Week)" ဖွင့်ပွဲအခမ်းအနားကို ယနေ့



နံနက်ပိုင်းက ယင်းတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော သိပ္ပံဘာသာရပ်ပြပွဲပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲဆိုင်များကို ကြည့်ရှုလေ့လာကြသည်။ ပြည်တက္ကသိုလ်၌ လူငယ်သီတင်းပတ်ကျင်းပရာတွင် သိပ္ပံဘာသာရပ်ပြပွဲ၊ လောကနီတိနှင့် လူငယ်အသိပညာပေး ဟောပြောပွဲ၊ လူငယ်နှင့်စီးပွားရေးအသိ ဟောပြောပွဲ စသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကို နေ့ရက်အလိုက် စတင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

# လပွတ္တာ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးဆွေးနွေး

**လပွတ္တာ　စက်တင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ၃ မိုင်မြို့သစ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် ခရိုင်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး (ပူးတွဲတာဝန်) ဆရာကြီး ဦးငွေဝင်းက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များ၊ သင်ကြားဆောင်ရွက်ပေးမည့်အစီအစဉ်နှင့် သင်ကြားနေမှုအခြေအနေများ၊ အဖွဲ့များခွဲ၍ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ တွေ့ကြုံရမည့်အခက်အခဲများ ဖြေရှင်းရန်နည်းလမ်းများကို ဖော်ထုတ်ပြီး ယခုဆွေးနွေးပွဲမှရရှိသော အချက်အလက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးနှင့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်(CHID Bank) တို့တွင် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

**(၃၁)ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက် ဂုဏ်ထူးဆောင်ဟောပြောပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့က ကြီးမှူး၍ နေပြည်တော်တွင် အိမ်ရှင်အဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်းရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ (ယာပုံ)**



အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနာယကများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာ နိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် နှင့် အဆောက်အဦဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လုပ်ငန်းကော်မတီအလိုက် ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော် တွင်ကျင်းပမည့် (၃၁)ကြိမ်မြောက် အာရှနှင့် ပစိဖိတ် ဒေသတွင်းဆိုင်ရာ အင်ဂျင်နီယာများအဖွဲ့ချုပ် အထွေထွေညီလာခံနှင့် (၇)ကြိမ်မြောက် ဂုဏ်ထူး ဆောင်ဟောပြောပွဲ အောင်မြင်စွာကျင်းပနိုင်ရေး နာယကကြီးများ၊ ဥက္ကဋ္ဌများနှင့် အခမ်းအနား ကျင်းပ ရေးအတွက် ဖွဲ့စည်းထားသည့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များနှင့် တာဝန် ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါ ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်က အခမ်းအနား အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း ဆောင်ရွက်ထားရှိမှု၊ ညီလာခံအတွက် လုပ်ငန်းခေါင်းစဉ် များ သတ်မှတ်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး လုပ်ငန်းကော်မတီ များအလိုက် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ကော်မတီများ၏ လိုအပ်ချက် များအရ အခြားဝန်ကြီးဌာနများနှင့် ပေါင်းစပ် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြ သည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသည့် နာယကကြီးများ၏ ဖြည့်စွက်ဆွေးနွေးမှု များနှင့် တာဝန်ရှိသူများ၏ အကြံပြုဆွေးနွေးတင်ပြ မှုတို့ကို ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခြင်းများဆောင်ရွက်၍ အစည်းအဝေး ကို ရုပ်သိမ်းခဲ့သည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ဒဂုံမြို့နယ် နဝဒေးလမ်းရှိ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank)ရုံးချုပ်၌ ဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူ များကိုတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက CHID Bank အား နိုင်ငံတော်၏ ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေ ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်ကိုယ်စား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရှယ်ယာ ၄၀ ရာခိုင်နှုန်း မတည်ထည့်ဝင်၍ စတင်တည်ထောင်ခဲ့ခြင်းဖြစ် ကြောင်း၊ ပြည်သူများ စိတ်ချယုံကြည်အားကိုးရသော ဘဏ်ကြီးအဖြစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက် ပေးနိုင်ရေး ရည်မှန်းချက်ထားရှိ၍ ဘဏ်လုပ်ငန်းစဉ် များ၊ စည်းမျဉ်း/ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ လိုက်နာ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်ခုနစ်ထပ် ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရန်ကုန် ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်ခုနစ်ထပ်ဆောင် လုပ်ငန်း များ လျာထားဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီး မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များကို အသေးစိတ်ရှင်းလင်းတင်ပြ၍ အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စု ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

သတင်းစဉ်



## ရေတာရှည်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး

**ရေတာရှည် စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ရေတာရှည်မြို့နယ်အတွင်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက် များ ဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေတာရှည် မြို့နယ် ကြံသန္တယ်ကျေးရွာ အုပ်စု တောင်နန်ချွန်ကျေးရွာ၌ စွန့်ပစ်စပါးခွံသုံး Gasifier လည်ပတ်၍ မုန့်ဖုတ်ခြောက် လုပ်ငန်း လုပ်ဆောင်နေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ ပြီး Gasifier မှ ထွက်ရှိသည့် ရေဆိုးများကို စနစ်တကျ သန့်စင်ခြင်း ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် ထွက်ရှိလာသော စပါးခွံဖွဲပြာများအား လောင်စာ တောင့်ထုတ်လုပ်သွားရန် မှာကြား ခဲ့သည်။ ယင်းနောက် မုန့်ဖုတ် ခြောက်အလုပ်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ထုပ်ပိုးမှု စနစ်များ ပြန်လည်အဆင့်မြှင့်တင် ၍ ပြည်ပနိုင်ငံများသို့ တိုက်ရိုက် တင်ပို့ရောင်းချနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေတာရှည်မြို့နယ် သပြေတန်း ကျေးရွာသို့ရောက်ရှိပြီး ရွာတွင်း ကွန်ကရစ်လမ်း အရှည် ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ ထုခြောက်လက်မ ခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုအား ကြည့်ရှုစစ်ဆေး သည်။ ၎င်းနောက် ဒေသခံပြည်သူ များနှင့် တွေ့ဆုံခဲ့ပြီး ဒေသနှင့် ကိုက်ညီသော အထွက်နှုန်း ကောင်း မျိုးကောင်းမျိုးသန့် လုံလောက်စွာရရှိရေး၊ သပြေတန်း ကျေးရွာ မူလတန်းလွန်ကျောင်း အတွက် ရေသန့်စက်တပ်ဆင်ပေး နိုင်ရေးနှင့် ရေကြီးရေလျှံမှု မဖြစ် ပေါ်စေရေး သပြေတန်းချောင်းရိုး အား ပြန်လည်တူးဖော်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေတာ ရှည်မြို့နယ် သပြေတန်းကျေးရွာ အုပ်စုရှိ တောင်သူဦးလင်း၏ မိုးစပါးရက် ၉၀ နှံကောက် မျိုးစေ့ ထုတ်စံပြကွက်သို့ သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် တိုင်းအဆင့် ဌာန ဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ လယ်ဝေးမြို့နယ် အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး အဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန် ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ပွဲကို ယမန်နေ့နံနက်က လယ်ဝေး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက လယ်ဝေးမြို့နယ် အတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုး ထုတ်လုပ်ရေး၊ ဆောင်းဆီထွက် သီးနှံစိုက်ပျိုးထုတ်လုပ်ရေး အစီ အစဉ်များကိုလည်း လိုအပ်သည့် နည်းပညာများနှင့် သွင်းအားစု များ ဖြန့်ဖြူးပေးခြင်းဖြင့် တစ်ဧက ချင်း ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းများကို အလေးထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေး ထွက်ကုန်များနှင့် မွေးမြူရေး ထွက်ကုန်များကို တန်ဖိုးမြှင့်စားသုံးကုန်များ ထုတ် လုပ်ရောင်းချနိုင်ရေး MSME လုပ်ငန်းရှင်များကိုလည်း ချိတ် ဆက် ပေါင်းစပ်ဆောင်ရွက်ခြင်း ဖြင့် တစ်ဦးချင်းမှ တစ်မိသားစု၊ တစ်ရွာလုံး ဝင်ငွေများတိုးတက် စေရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုထားပြီး ဖြစ် ကြောင်း၊ ထို့ကြောင့် နိုင်ငံစီးပွား အတွက် အခြေခံကျသော MSME လုပ်ငန်းများကိုလည်း အားပေး မြှင့်တင်နေကြောင်း၊ မိမိတို့အနေ ဖြင့်လည်း ကြိုးစားအားထုတ်၍ လူမှုစီးပွားဘဝ မြင့်မားအောင် ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆီစက်လုပ်ငန်းရှင် များ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် အသေးစား၊ အလတ်စား ကုန် ထုတ်လုပ်ငန်းရှင်များက လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းများ နှင့် ရှေ့ဆက်တိုးချဲ့ဆောင်ရွက် မည့်လုပ်ငန်းများကိုဆွေးနွေးတင်ပြ ရာ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် သာဝတ္တိ ကျေးရွာအုပ်စုရှိ တိုင်းကျော် အောင်ဆန်စက်ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။ **(အောက်ပုံ)**

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**



# မိုခါမုန်တိုင်း ခံစားခဲ့ရပေမယ့် ပြည်သူတွေအနေနဲ့ လုံခြုံတဲ့၊ ပိုမိုကောင်းမွန်တဲ့ လူမှုဘဝကို ရရှိနေကြတာကို လက်တွေ့တွေ့မြင်ခဲ့ရတဲ့အတွက်လည်း မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုများအပေါ် များစွာချီးကျူးဂုဏ်ယူမိပါတယ်

မစ္စတာ မုံခွန်းဝိစစ်စတန်

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံတမန်များသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့က ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများနှင့် IDP စခန်းများ၌ ပြောင်းရွှေ့နေရာချထားမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။**

အဆိုပါ လေ့လာရေးခရီးစဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ တာဝန်ရှိသူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ရပါသည်-

**ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်**
**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂)**
**ဒုတိယဥက္ကဋ္ဌ(၁)၊ ရခိုင်ပြည်နယ်တည်ငြိမ်**
**အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ**
**လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ**

အခု သံတမန်ခရီးစဉ်ကို စီစဉ်ရတဲ့ အဓိက ရည်ရွယ်ချက် နှစ်ခုရှိပါတယ်။ တစ်ခုကတော့ ဆိုင်ကလုန်းမိုခါ ဖြစ်ပေါ်ပြီးတဲ့နောက်ပိုင်းမှာ စစ်တွေမြို့ဟာ တော်တော်လေးကို ထိခိုက်ခံစားခဲ့ရတယ်။ အဲဒီကနေ ပြန်လည်ရုန်းထပြီးတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကြရတယ်။ လုပ်ကြတဲ့အခါ နိုင်ငံတော်အကြီးအကဲရဲ့ မူဝါဒအရ ပြည်သူလူထုကို အဓိက ထိခိုက်စေခဲ့တဲ့ နေရာတွေဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေးတို့မှာ ဘယ်လိုလုပ်နေသလဲ။ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပြန်လည်ပြုပြင်ပေးနေသလဲ။ ဒီလိုလုပ်တဲ့အခါ ဘယ်သူကိုမှချန်မထားဘဲ အားလုံးကို ဂရုစိုက်တယ်ဆိုတာက ကျွန်တော်တို့ရဲ့ မူဝါဒဖြစ်တဲ့အတွက် မြို့ထဲမှာရော၊ မြို့ပြင်မှာရော လူ့အဖွဲ့အစည်းအကုန်လုံးကို တတ်နိုင်သလောက် စောင့်ရှောက်ပေးနေပါတယ်။

ဒီက အခြေအနေတွေက ပြီးခဲ့တဲ့ တစ်ခေါက်နဲ့ စာရင် တော်တော်များများ တိုးတက်လာပါတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် IDP Camp က အဖွဲ့တွေကို မိုခါမတိုင်ခင်ကတည်းက အကုန်လုံးကို ခေါ်ပြီး လုံခြုံတဲ့နေရာပို့ပေးထားတဲ့အတွက် အထိအခိုက် တော်တော်နည်းသွားတယ်။ ဒါပေမယ့်လည်း ဒီမှာလိုအပ်ချက်လေးတွေ ရှိပါသေးတယ်။ ဒီလိုအပ်ချက်လေးတွေကို ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းပေးမလဲ။ ဘယ်လိုပိုကောင်းအောင် လုပ်မလဲ။ အခုလို နိုင်ငံတကာက သံတမန်တွေကို ခေါ်ပြီးတော့ ပြသခြင်းအားဖြင့် သူတို့ဆီကနေ နားလည်မှု၊ စာနာထောက်ထားမှုနဲ့ ကူညီမှု ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာကို ဒီအထိ ဖိတ်ခေါ်ပြသတာ ဖြစ်ပါတယ်။

ပြီးတော့ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်ရင် အဓိကအဆင့်သုံးဆင့် ရှိပါတယ်။ အဓိက အဆင့်သုံးဆင့်ကတော့ ပထမဆုံးဝင်လာတဲ့ နေရာမှာ လက်ခံတယ်၊ လုံခြုံရေးအရ လိုအပ်တာ စိစစ်မယ်၊ လူဝင်မှုကြီးကြပ်ရေးဘက်ကနေ စိစစ်မယ်၊ စိစစ်ပြီးလို့ရှိရင် e-ID စိစစ်တာရှိမယ်၊ အဲဒါပြီးတာနဲ့ သူတို့အတွက် နိုင်ငံသားဖြစ်မှုအတွက် စိစစ်တဲ့ကတ်ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ပြီးရင်တော့ သူတို့ နိုင်ငံသားဖြစ်ဖို့အတွက် ဆက်ပြီး လျှောက်ထားနိုင်ပါတယ်။ ဒီလိုမျိုး လုပ်ငန်းတွေ ပြီးတဲ့အချိန်မှာ သူတို့ဝင်လာတဲ့ ပြန်လည်လက်ခံရေးစခန်းမှာ ခဏတာထားပြီးတော့ လူစုမိတဲ့အခါ ကျရင် ကြားစခန်းအနေနဲ့ လှဖိုးခေါင်ကြားစခန်းမှာ ထားမှာဖြစ်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း

ဒီကြားစခန်းမှာ ထားတဲ့အခါမှာတော့ သူတို့အတွက် မိသားစုအလိုက် နေထိုင်လို့ရမယ်၊ နောက်တစ်ခုက သူတို့အတွက် ဆန်၊ ဆီ၊ ဆား စသဖြင့် ထောက်ပံ့မှုတွေ၊ အိုးခွက်ပန်းကန်ကစပြီး ထောက်ပံ့မှုတွေရှိမယ်။ ကလေးတွေအတွက်ဆို ကလေးကစားစရာတွေ၊ ကလေးတွေပျော်အောင် စီစဉ်ထားတဲ့ နေရာလေးတွေရှိမယ်၊ စက်ချုပ်သင်တန်းလေးတွေ ရှိမယ်။ အဲဒီမှာကတော့ အချိန်က တစ်ပတ်၊ နှစ်ပတ် အတန်အသင့်ကာလရှိမယ်၊ တချို့လည်း တစ်လ၊ နှစ်လတော့ ဖြစ်ကောင်းဖြစ်သွားမှာပေ့ါ။

ဒီကြားစခန်းမှာ နေပြီးရင် အမြဲတမ်းအခြေချမယ့်နေရာကို သူတို့က ပြောင်းရွှေ့ကြရမယ်။ အမြဲတမ်း အခြေချမယ့်နေရာမှာဆိုရင်လည်း သူတို့အတွက် အခုလောလောဆယ်မှာ ရွာပေါင်း ၂၀ လောက်ကို ၂၅ ပေ၊ ပေ ၆၀ အကွက်ရိုက် ရှင်းလင်းပေးထားတာ ရှိပါတယ်။ ဒါတွေကတော့ ရွာသစ်လေးတွေ ဖြစ်လာပါမယ်။ ဒီရွာသစ်တွေကိုလည်း မူလနေထိုင်တဲ့ ရွာအဟောင်းတွေနဲ့ နီးစပ်တဲ့ နေရာတွေမှာ ပြန်ချပေးမယ့် အနေအထားရှိပါတယ်။

နောက်တစ်ခုကတော့ အရင်က နိုင်ငံတကာ အထောက်အပံ့နဲ့ ဆောက်ထားတဲ့ ရွာတွေလည်း ရှိပါတယ်။ အဲဒီရွာတွေမှာလည်း သူတို့ နေချင်တယ်ဆိုရင် နေလို့ရတယ်။ ဒါမှမဟုတ်ဘဲ ခဏတဖြုတ်နေပြီးတော့ သူတို့အမြဲတမ်းနေထိုင်မယ့် နေရာမှာ သွားပြီး အခြေချချင်တယ်ဆိုရင်လည်း ရပါတယ်။

တကယ်လို့ သူတို့ရဲ့ မူလရွာတွေက လက်ရှိရှိနေသေးတယ်၊ အိမ်အဟောင်းတွေလည်း ရှိတယ်၊ ဆွေမျိုးသားချင်းတွေလည်း အဲဒီမှာရှိတယ်၊ မူလရွာခံတွေနဲ့ သူတို့နဲ့ အဆင်ပြေတယ်ဆိုရင်လည်း သူတို့နေချင်တဲ့ မူလလက်ဟောင်းရွာတွေမှာ သက်ဆိုင်ရာကျေးရွာအာဏာပိုင်၊ ပြည်နယ်အစိုးရတို့ရဲ့ တရားဝင် ခွင့်ပြုချက်တွေနဲ့ နေနိုင်ဖို့အတွက် စီစဉ်ပေးမှာ ဖြစ်ပါတယ်။

ဒီလိုမှမဟုတ်ဘဲ ရွာသစ်တွေမှာ အဆင်ပြေတယ်ဆိုရင် ရွာသစ်တွေမှာ နေလို့ရပါတယ်။ ဒါက ကျွန်တော်တို့အနေနဲ့ အတင်းအကျပ် နှင်လွှတ်တာ မဟုတ်ဘူး။ သူတို့ရဲ့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်နဲ့ နေရာချထားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြဿနာက ဘာလဲဆိုတော့ ပြန်ဝင်လာတာကတော့ လွယ်တယ်၊ ပြန်ဝင်လာပြီးတော့ အခြေချနေထိုင်နိုင်ဖို့ အလုပ်အကိုင်တွေ ဖန်တီးပေးဖို့လိုမယ်၊ ဝင်ငွေတွေ ရရှိအောင် လုပ်ပေးဖို့လိုမယ်၊ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ထောက်ပံ့မှုတွေ လိုမယ်။

ငါးဖမ်းတဲ့လူတွေအတွက်ဆို ငါးဖမ်းတဲ့ ကိရိယာတွေ၊ လှေတို့၊ ပိုက်တို့၊ စိုက်ပျိုးမယ့် လူတွေဆိုရင် မျိုးစေ့၊ မြေဩဇာ၊ ထွန်၊ ထယ်၊ လယ်ထွန်စက်၊ ရေစုပ်စက် စသဖြင့် ဒါမျိုးတွေကိုလည်း ကျွန်တော်တို့က ပံ့ပိုးပေးရမယ်။ လောလောဆယ် သုံးလစာလောက် စားဖို့ သောက်ဖို့အတွက် ပံ့ပိုးနိုင်တယ်။ အဲဒါပြီးရင်တော့ ကိုယ့်ဘာသာကိုယ် ရပ်တည်ရမယ်၊ ဒီကာလအတွင်းမှာ ရေရှည်ရပ်တည်နိုင်ဖို့အတွက် ကျွန်တော်တို့ဝိုင်းဝန်းပြီး ဆက်လက်လုပ်ဆောင်ပေးဖို့ လိုပါတယ်။

အဲဒီအတွက်ကြောင့် အခု သံတမန်တွေကို ဖိတ်ခေါ်ပြီးတော့ ပြသတယ်။ အပြင်မှာ ဖြစ်နေတဲ့ သတင်းအမှားတွေ ထုတ်လွှင့်နေတာထက် လက်တွေ့အခြေအနေမှန်ကို မြင်နိုင်အောင် ကျွန်တော်တို့ ခေါ်ပြီးတော့ ပြတယ်။ သူတို့ရဲ့ နားလည်မှု၊ သူတို့အတွက် သတင်းအမှန်ကို ရရှိနိုင်ဖို့အတွက် ရှင်းလင်းပြီး အသေးစိတ်ပြောပြတယ်၊ သူတို့သိချင်တဲ့ အချက်အလက်တွေကို ရှင်းပြတယ်။

ရှင်းပြတော့ တော်တော်များများလည်း နားလည်သွားကြတယ်၊ သဘောပေါက်သွားကြတယ်။ သူတို့ရဲ့ နိုင်ငံကို ပြန်ပြီးတော့ ဒီအခြေအနေမှန်ကို အစီရင်ခံသွားမယ်ဆိုတာကိုလည်း ကျွန်တော်တို့ကို ပြောကြားပါတယ်။

ဘင်္ဂလားဒေ့ရှ် သံအမတ်အနေနဲ့လည်း သူတို့ရဲ့ အခြေအနေနဲ့ ဒီဘက်အခြေအနေကို နှိုင်းယှဉ်ပြီးတော့ ဒီဘက်က လုပ်ဆောင်တာတွေကို သူသဘောပေါက်နားလည်တယ်။ တချို့အရာလေးတွေကိုတော့ ရှင်းရှင်းလင်းလင်း သိဖို့လိုတဲ့အတွက်၊ သူလည်း ပြန်ပြီး သတင်းပို့ရမှာဖြစ်တဲ့အတွက် သိချင်တာကို အသေးစိတ်မေးမြန်းပါတယ်။ ဒီလို မေးတဲ့အတွက် ကျွန်တော်တို့ကလည်း သူ့ကို အတတ်နိုင်ဆုံး ရှင်းရှင်းလင်းလင်းပဲ ဖြေကြားခဲ့ပါတယ်။

အခုကတော့ ရွာအနေနဲ့ ရွာ ၂၀ မှာ ပထမဆုံး ၂၅ ပေ၊ ပေ ၆၀ ပတ်လည် အကွက် ၅၀ စီနဲ့ အိမ်ခြေ ၁၀၀၀ စာ မြေနေရာကိုတော့ ရှင်းလင်းထားပြီး အကွက်ရိုက်ထားပါတယ်။ သူတို့ ရောက်လာတဲ့ အချိန်ကျရင် ABH container house မျိုးတွေ နိုင်ငံတကာနဲ့၊ တရုတ်နိုင်ငံက ဆက်လက်ထောက်ပံ့ဖို့ ရှိပါတယ်။ ဒါမျိုးနဲ့ သူတို့ နေနိုင်တယ်ဆိုရင် အဲဒါတွေနဲ့ အရင်နေရာချပေးမယ်။ ဒါမှမဟုတ် သူတို့ဘာသာ သူတို့စိတ်ကြိုက်ပုံစံနဲ့ ဆောက်ချင်တယ်ဆိုရင်လည်း Cash for Work ၊ အလုပ်အတွက် ပိုက်ဆံပေးပြီး သူတို့ဘာသာ ရှင်းလင်းပြီးတော့ သူတို့စိတ်ကြိုက်ဆောက်နေလို့ရပါမယ်။ အဲဒီလိုပုံစံမျိုးနဲ့ဆက်ပြီး နေရာချထားပေးသွားမယ်။

အဲဒီရွာတွေရဲ့အနီးမှာ အခြားရှိပြီးသားရွာတွေ ရှိတယ်၊ အဲဒီရွာတွေမှာ ဆေးခန်း၊ ဆေးရုံ၊ ကျောင်း ဒါမျိုးတွေကလည်း ရှိပြီးသားဖြစ်ပါတယ်။ သူတို့ရဲ့ ပညာရေး၊ ကျန်းမာရေးအတွက် အဲဒီရွာတွေနဲ့ ဆက်စပ်ပြီးတော့ လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်။ ဒါတွေကတော့ ရောက်လာတဲ့အချိန်မှာ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ဒီအလုပ်တွေက အရင်ကတည်းက ကြိုးစားခဲ့တယ်။ အစိုးရအဆက်ဆက် လုပ်ခဲ့တယ်၊ လုပ်ခဲ့ပေမယ့် အခြေအနေအကြောင်းကြောင်း အရပ်ရပ်ကြောင့် ပြန်လည်လက်ခံရေး လုပ်ငန်းတွေကို မစနိုင်သေးပါဘူး။ အခု နှစ်ဖက်နိုင်ငံ သဘောတူညီချက်အရ လာမယ့် မိုးကုန်တဲ့အချိန်၊ ခြောက်သွေ့ရာသီမှာ အမြန်ဆုံးစနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က ပြင်ဆင်စရာရှိတာတွေ အတတ်နိုင်ဆုံး ပြင်ဆင်နေတယ်။

စခါစမှာတော့ Pilot Project အနေနဲ့ နည်းနည်းလက်ခံပြီးတော့ တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေကို လုပ်သွားရင်း၊ လုပ်သွားရင်းနဲ့ ပိုကောင်းသထက်ကောင်းအောင် လုပ်သွားမယ်။ ကူမင်းသဘောတူညီချက်အရ ဒီနှစ်အတွင်း လူ ၇၀၀၀ လက်ခံဖို့ရှိပါတယ်။ လက်ခံနိုင်ဖို့အတွက်ကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်။

*စာမျက်နှာ ၇ သို့*

> ❖ **ဆိုင်ကလုန်းမိုခါ ဖြစ်ပေါ်ပြီးတဲ့နောက်ပိုင်းမှာ စစ်တွေမြို့ဟာ တော်တော်လေးကို ထိခိုက်ခံစားခဲ့ရတယ်။ အဲဒီကနေ ပြန်လည်ရုန်းထပြီးတော့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကြရတယ်။ လုပ်ကြတဲ့အခါ နိုင်ငံတော်အကြီးအကဲရဲ့ မူဝါဒအရ ပြည်သူလူထုကို အဓိက ထိခိုက်စေခဲ့တဲ့နေရာတွေဖြစ်တဲ့ ကျန်းမာရေး၊ ပညာရေးတို့မှာ ဘယ်လိုလုပ်နေသလဲ။ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုပြန်လည်ပြုပြင်ပေးနေသလဲ။ ဒီလိုလုပ်တဲ့အခါ ဘယ်သူကိုမှ ချန်မထားဘဲ အားလုံးကို ဂရုစိုက်တယ်ဆိုတာက ကျွန်တော်တို့ရဲ့ မူဝါဒဖြစ်တဲ့အတွက် မြို့ထဲမှာရော၊ မြို့ပြင်မှာရော လူ့အဖွဲ့အစည်းအကုန်လုံးကို တတ်နိုင်သလောက် စောင့်ရှောက်ပေးနေပါတယ်**

*စာမျက်နှာ ၆ မှ*

**အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မိုခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ နိုင်ငံတော်ရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံတော်အဆင့်မှာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရှိပါတယ်။ ဒီကော်မတီအောက်မှာ လုပ်ငန်းအဖွဲ့ ၁၂ ခုရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ ရှိပါတယ်။ ရခိုင်ပြည်နယ်မှာလည်း သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့တွေ ရှိပါတယ်။ ဗဟိုကော်မတီ၊ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့တွေ ပေါင်းပြီးတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ကြပါတယ်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ မစခင်မှာ ဆောင်ရွက်ထားရတာတွေလည်း ရှိတယ်။ မဖြစ်ပွားခင် အချိန်ကတည်းက ကြိုတင်သတိပေးချက်တွေ၊ ဘေးမဖြစ်ခင် ရှောင်ရှားနိုင်တဲ့ ကိစ္စတွေ၊ ဘေးဖြစ်ခဲ့ရင် ထောက်ပံ့ဖို့အတွက် ကြိုတင်ပြီး စုဆောင်းထားရတာတွေ ရှိပါတယ်။ လူတွေအတွက် ဘာတွေလိုသလဲဆိုတော့ အကြမ်းအားဖြင့် အစားအသောက်တွေ၊ နေရေးထိုင်ရေးပစ္စည်းတွေနဲ့ နေအိမ်တွေ၊ ဒါတွေကို မဖြစ်ခင်ကတည်းက ကြိုတင်ပြီးတော့ စီမံရပါတယ်။ အဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ၊ လမ်း၊ တံတား ၊ ဆေးရုံ ဒါတွေက မရှိမဖြစ် နိစ္စဓူဝ လိုအပ်တဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ဝန်ကြီးဌာနတစ်ခုတည်း လုပ်လို့မရပါဘူး။ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ဦးဆောင်မှုနဲ့ ဝန်ကြီးဌာနအားလုံး ပူးပေါင်းပြီးလုပ်ကြပါတယ်။ ဥပဒေထဲမှာလည်း ပါပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC) ကို ဖွဲ့စည်းထားပါတယ်။ ၂၄ နာရီ ရုံးခန်းဖွင့်လှစ်ပြီးတော့ ဝန်ကြီးဌာနအားလုံးက တာဝန်ရှိသူတွေ လာပြီးတော့မှ အားလုံးပူးပေါင်းဆောင်ရွက်ကြပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ ပံ့ပိုးကူညီပြီး၊ ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ရပါတယ်။ လုပ်ငန်းတွေကို ဝန်ကြီးဌာနတွေက သူတို့တာဝန်အလိုက် လုပ်ကြတဲ့အခါ ကျွန်တော်တို့ကပေါင်းစပ်ပြီး လုပ်ပေးတယ်။ ဒီကနေ့ ဒီအချိန်မှာဆိုရင် သုံးလခွဲ ကာလရှိနေပါပြီ။ ဒီခရီးစဉ်မှာ နိုင်ငံတကာက သံတမန်တွေကို ဒါတွေကို ပြသတယ်။ UN၊ NGO တွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေ၊ အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဖက်နိုင်ငံတွေက လှူဒါန်းမှုတွေ၊ ပံ့ပိုးကူညီမှုတွေ၊ ဒါတွေကလည်း ကျွန်တော်တို့အမြဲတမ်းပြောနေကျ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် Cooperative Approach နဲ့ သွားတယ်။ အဲဒီမှာ အရေးအကြီးဆုံးပြတာက ကျွန်တော်တို့မှာ မူဝါဒရှိပါတယ်။ ဒါကတော့ သဘာဝဘေးစီမံခန့်ခွဲမှုနဲ့ ထောက်ပံ့ရေးလုပ်ငန်း ဆောင်ရွက်တဲ့အခါ **“မည်သူမျှ ချန်ထားခြင်းမရှိစေရ၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေ ရရှိအောင်၊ ပိုမိုကြံ့ခိုင်သော လူနေမှုဘဝရရှိအောင်”** ဒါတွေကို ကျွန်တော်တို့ ရည်မှန်းပြီးတော့ လုပ်ရပါတယ်။

စောစောက ကျွန်တော်ပြောခဲ့သလို မည်သူမျှ ချန်ထားခြင်းမရှိစေရဆိုတာအပြင် ထိခိုက်လွယ်တဲ့ အုပ်စုတွေ ကလေးသူငယ်တွေ၊ အမျိုးသမီးတွေ၊ မသန်စွမ်းတွေ၊ သက်ကြီးရွယ်အိုတွေ ဒါမျိုးတွေကိုပါ ကြည့်ရတယ်။ ပေါင်းလိုက်ရင်တော့ မည်သူကိုမှလည်း ချန်မထားဘူး။ IDP Camp တွေမှာဆိုရင်လည်း သက်ကြီးရွယ်အိုတွေပါတယ်၊ အမျိုးသမီးတွေပါတယ်။ ပြီးတော့ IDP Camp တွေမှာဆိုရင် သီးခြားလိုအပ်ချက်တွေလည်း ရှိသေးတယ်။ ဒါတွေကိုလည်း


အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်


မစ္စတာ မုံခွန်းဝိစစ်စတန်


မစ္စတာ ဂျေအမ် ပရီယန်သာဘန်ဒါရာ

ကျွန်တော်တို့က တတ်နိုင်သလောက် ဖြည့်ဆည်းပေးပြီးတော့ ဆောင်ရွက်နေပါတယ်။ မူလကလည်း ဖြည့်ဆည်းပေးတယ်၊ မိုခါကြောင့်လည်း ပိုပြီးတော့ ဖြည့်ဆည်းပေးတယ်။

မဖြစ်ခင်ကတည်းက IDP Camp တွေမှာ မကျန်ရစေအောင် စီစဉ်တယ်။ ဒီတစ်ခါမုန်တိုင်းမှာ စစ်တွေမှာဆိုရင် များသောအားဖြင့် အဆောက်အအုံတွေ အများကြီး ပျက်စီးသွားပါတယ်။ ဒါပေမယ့် မုန်တိုင်းပြင်းအားနဲ့ ပျက်စီးတာနဲ့စာရင် အသေအပျောက်အင်မတန်နည်းတယ်။ ဒါတွေကတော့ ကျွန်တော်တို့ စုပေါင်းစွမ်းအားနဲ့ ဆောင်ရွက်ကြလို့ ဒီလိုမျိုးဖြစ်တာပါ။

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း**

မိုခါမုန်တိုင်း တိုက်ခတ်ပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံတော်အကြီးအကဲ ရောက်ရှိလာပြီးတော့ ကျွန်တော်တို့ကို ညွှန်ကြားချက်ပေးပါတယ်။ ဒါကတော့ အရင်အခြေအနေထက် သာလွန်ကောင်းမွန်တဲ့ အခြေအနေဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်ဖို့ပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ အရင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ ပထမဦးစားပေးအနေနဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ပြန်လည်ထူထောင်ရေးကိစ္စရပ်တွေကို တစ်ခုပြီးတစ်ခု ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ပြန်လည်တည်ဆောက်ရေးအပိုင်းတွေကို သူ့အပိုင်းနဲ့သူ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ လျှပ်စစ်မီး အပါအဝင် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုတော့ ကျွန်တော်တို့အနေနဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍကို အထူးဦးစားပေးဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အဓိက ဦးစားပေးဆောင်ရွက်တဲ့ ဒေသ၊ အရင်းအမြစ်တွေရှိတဲ့ဒေသလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှာကြားချက်နဲ့အညီ စိုက်ပျိုးရေးအတွက် နိုင်ငံတော်က အထွက်နှုန်းကောင်းတဲ့ မျိုးစပါးတွေကို ပေးထားပါတယ်။ အရင်ထက်ပိုပြီးတော့ အထွက်နှုန်းတွေကောင်းအောင် စိုက်နည်းစနစ်တွေ၊ ထွန်ယက်တာကအစ စက်မှုလယ်ယာကနေ အခမဲ့ကူညီထွန်ယက်ဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်။ ဒါကြောင့်မို့ မကြာမီ တစ်ပြည်နယ်လုံးမှာရှိတဲ့ စိုက်ကေအားလုံး ထွန်တုံးပိတ်နိုင်မှာဖြစ်ပါတယ်။

မွေးမြူရေးကိစ္စရပ်တွေမှာ မိုခါကြောင့် ဆုံးရှုံးနစ်နာမှုတွေ ရှိပါတယ်။ ဒီအတွက် နိုင်ငံတော်ရဲ့ အထောက်အပံ့၊ အကူအညီနဲ့ ဆောင်ရွက်ပေးနေတာတွေလည်း ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လမ်းညွှန်မှာကြားထားတာ ရှိပါတယ်။ ဒါကတော့ လုပ်နိုင်ခြေကောင်းတဲ့၊ အလားအလာကောင်းတဲ့ မွေးမြူရေးသမားတွေကို ပျိုးထောင်ပေးရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံတော်က တစ်ဖက်က စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ကူညီထောက်ပံ့ပေးသလို မွေးမြူရေးနဲ့ပတ်သက်လို့လည်း ချေးငွေတွေ ထောက်ပံ့ပေးပြီးတော့ ဆောင်ရွက်နေပါတယ်။

အခုရောက်ရှိလာတဲ့ သံတမန်တွေက ဒီကအခြေအနေတွေကို သူတို့အံ့ဩသွားတယ်။ မိုခါမုန်တိုင်းတိုက်ခတ်ခဲ့တာ တကယ်ဟုတ်ရဲ့လားဆိုပြီး သူတို့အံ့ဩတာတွေ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ အချိန်တိုအတွင်းမှာ ပုံမှန်အနေအထားရောက်အောင် ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ အားထုတ်မှုတစ်ခုတည်း မဟုတ်ပါဘူး။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အညီ ပြည်ထောင်စုအဆင့်က ဆောင်ရွက်သလို တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာအသီးသီးနဲ့ ဒေသခံပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်ကြတဲ့ အင်အားတွေကြောင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာကို သက်သေပြနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီလိုပဲ ဘာသာရေးဆိုင်ရာ အဆောက်အအုံ၊ ဆေးရုံနဲ့ ကူညီထောက်ပံ့ရေးပစ္စည်းတွေ တင်ချနေတာတွေကိုလည်း လက်တွေ့ပြသနိုင်ခဲ့ပါတယ်။ ထို့အတူ ကျွန်တော်တို့မှာရှိတဲ့ စခန်းတွေ၊ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့သူတွေကို ကူညီထောက်ပံ့ပေးနေတာတွေလည်း ရှိပါတယ်။ ဒါတွေကို သူတို့ကို မျက်ဝါးထင်ထင် ပြသနိုင်ခဲ့ပါတယ်။ ဒါကတော့ နိုင်ငံတော်ရဲ့ ဆောင်ရွက်ချက်တွေကို နိုင်ငံတကာကိုသိအောင် ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတဲ့ အကျိုးရလဒ်ပါပဲ။ ဒါကလည်း ကျွန်တော်တို့အားလုံးရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုပါပဲ။

ပြန်လည်လက်ခံရေးကိုလည်း ကျွန်တော်တို့ ရည်မှန်းချက်ထားဆောင်ရွက်နေပါတယ်။ ဒါကြောင့်မို့လည်း လက်ခံတဲ့နေရာမှာ စတင်စစ်ဆေးပြီးတော့ လက်ခံမယ့်နေရာ၊ သယ်ယူပို့ဆောင်မယ့် နေရာ၊ သူတို့ကို နေရာချထားမယ့် နေရာတွေကို ကျွန်တော်တို့ လိုက်ပြလိုက်ပါတယ်။ သူတို့အနေနဲ့ ကျွန်တော်တို့ အမှန်တကယ် လုပ်ကိုင်နေတာတွေအားလုံးကို မြင်တွေ့သွားတယ်။

ဒီလိုမြင်တယ်၊ တွေ့တယ်၊ သိတယ် ဒါတွေနဲ့ပတ်သက်ပြီး မြင်တဲ့၊ တွေ့တဲ့၊ သိတဲ့အရာတွေကို သူတို့မိတ်ဆွေတွေကို ပြောပြစေချင်တယ်။ အမှန်ကို အမှန်တိုင်း ပြောပြစေချင်ပါတယ်။ ဒါတွေကို ပြသခွင့်ရဖို့ နိုင်ငံတော်အကြီးအကဲရဲ့ ဒီခရီးစဉ် စီမံပေးမှုဟာ ကျွန်တော်တို့အတွက် အခွင့်အရေးကောင်းတွေ များစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အမှန်တကယ် လုပ်ကိုင်ပေးထားတာတွေကို သူတို့ မြင်တွေ့သွားတယ်။ ဒီလိုမြင်တွေ့တာတွေကို သတင်းစကားတွေအဖြစ် သူတို့ရဲ့ မိတ်ဆွေတွေကို ပြောဖို့ပဲလိုပါတယ်။

**မစ္စတာ မုံခွန်းဝိစစ်စတန်**
**မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး**

ကျွန်တော်က မတ်လတုန်းက ပထမအကြိမ် လေ့လာရေးခရီးစဉ်မှာလည်း လိုက်ပါခဲ့ပြီးတော့ ခြောက်လအကြာ အခု ဒုတိယအကြိမ် ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ မိုခါကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြတဲ့ သူတွေအားလုံး ပါဝင်ကူညီဆောင်ရွက်ပေးထားတဲ့ ပြန်လည်ထူထောင်ရေးအခြေအနေကို တွေ့မြင်ခဲ့ရပါတယ်။ ဒီအတွက် ဂုဏ်ယူဝမ်းမြောက်ရပါတယ်။

ကျွန်တော်တို့ ထိုင်းနိုင်ငံအနေနဲ့ မိုခါဘေးသင့်ခဲ့တဲ့ ရခိုင်ပြည်နယ်က ပြည်သူတွေ၊ တခြားနေရာတွေက ပြည်သူတွေရဲ့ ထိခိုက်ခံစားရမှုကို စာနာနားလည်ပါတယ်။ ထိုင်းဘုရင် အပါအဝင် ထိုင်းပြည်သူတွေက စာနာထောက်ထားမှုအကူအညီတွေကို မြန်မာပြည်သူတွေထံ ပေးခဲ့ပါတယ်။ မိုခါမုန်တိုင်းခံစားခဲ့ရပေမယ့် ပြည်သူတွေအနေနဲ့ လုံခြုံတဲ့၊ ပိုမိုကောင်းမွန်တဲ့ လူမှုဘဝကို ရရှိနေကြတာကို လက်တွေ့တွေ့မြင်ခဲ့ရတဲ့အတွက်လည်း မြန်မာအစိုးရရဲ့ ဆောင်ရွက်မှုများအပေါ် များစွာချီးကျူးဂုဏ်ယူမိပါတယ်။

ပထမအကြိမ် လေ့လာရေးခရီးစဉ်မှာကတည်းက ရခိုင်ပြည်နယ်မှာ လူမှုပေါင်းစည်းရေးအတွက် ဆောင်ရွက်ပေးနေမှုတွေ၊ မတူညီတဲ့ လူမှုအသိုက်အဝိုင်းနှစ်ခု အတူတကွ ပညာသင်ကြားမှုတွေကို လေ့လာခွင့်ရခဲ့ပြီး ဒီနေ့မှာလည်း မုန်တိုင်းဒဏ်သင့်ပြီးနောက် အဆိုပါ သင်တန်းတွေကို အဆက်မပြတ်ဘဲ ဆက်လက်ဖွင့်လှစ်ပေးနေတာကို တွေ့ရတဲ့အတွက် မြန်မာအစိုးရရဲ့ ဆောင်ရွက်နေမှုအပေါ် များစွာချီးကျူးလိုပါတယ်။ ပြီးတော့ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်နဲ့ ဆောင်ရွက်မယ့် ပြန်လည်လက်ခံရေးစခန်းတွေကို သွားရောက် လေ့လာမှာဖြစ်ပါတယ်။ ပထမအဆင့်ဖြစ်တဲ့ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွေအတွက် နှစ်နိုင်ငံ တာဝန်ရှိသူတွေ ညှိနှိုင်းဆောင်ရွက်မှုကနေ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ယုံကြည်ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ TICA အစီအစဉ်အောက်ကနေပြီး ရခိုင်ပြည်နယ်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်မှုတွေကနေ ပြန်လည်ဝင်ရောက်လာမယ့် နေရပ်စွန့်ခွာသူတွေအတွက် ကောင်းမွန်လုံခြုံတဲ့ လူမှုစီးပွားဘဝတွေကို ရရှိစေမယ်လို့လည်း ယုံကြည်ပါတယ်။

**မစ္စတာ ဂျေအမ် ပရီယန်သာဘန်ဒါရာ**
**မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး**

ဒီခရီးစဉ်မတိုင်မီက ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်ကို ရောက်ရှိခဲ့ဖူးခြင်း မရှိသေးတဲ့ အတွက် ဒီဒေသနဲ့ ပတ်သက်ပြီး သေချာသိရှိခဲ့ခြင်းမရှိခဲ့ပါဘူး။ ယခု နှစ်ရက်တာ သံတမန်ခရီးစဉ်မှာ မြန်မာအစိုးရက ဆောင်ရွက်နေတဲ့ ဆိုင်ကလုန်းမိုခါ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ IDP စခန်းနေသူများအတွက် စီမံဆောင်ရွက်ပေးထားမှုတွေနဲ့ ရခိုင်ပြည်နယ်က နေရပ်စွန့်ခွာသူများကို စိစစ်ပြန်လည်လက်ခံရေးအတွက်

*စာမျက်နှာ ၈ သို့*

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

## ကင်မရာပါသည့် ဖုန်း၊ ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူးခြင်းများကို ထိုက်သင့်သည့်နှုန်းထားဖြင့် အခကြေးငွေကောက်ခံ

**နေပြည်တော် စက်တင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူအပေါင်းအခမဲ့ လာရောက်ဖူးမြော်နိုင်ရန် ဩဂုတ် ၈ ရက်မှစတင်၍ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိရာ ယနေ့ စက်တင်ဘာ ၄ ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများဖြင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်အတွင်း စည်ကားလျက်ရှိသည်။



### စနစ်တကျစစ်ဆေး

ဘုရားဖူးလာပြည်သူများနှင့် မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောများရှင်းလင်းပေးလျက်ရှိပြီး ဘုရားကြီးအဝင်လမ်းတစ်လျှောက်တွင် ဘုရားဖူးလာ ပြည်သူများ၏ မော်တော်ယာဉ်များ စနစ်တကျ စီတန်းရပ်နားထားသည်ကို တွေ့ရသည်။ မုခ်ဦးအဝင်သို့ ရောက်ရှိလာသည့် ဘုရားဖူးလာပြည်သူများကို လုံခြုံရေးဝန်ထမ်းများက စနစ်တကျ စစ်ဆေးလျက်ရှိရာ ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများက ကြည်ဖြူစွာ အစစ်ဆေးခံကြသည်။

### အလှူငွေများလှူဒါန်း

ဗုဒ္ဓဥယျာဉ်တော်အတွင်းသို့ ဘုရားဖူးလာ လူငယ်လူရွယ်များက ခြေကျင်ဝင်ရောက်ကြပြီး ရဟန်းသံဃာတော်များနှင့် သီလရှင်များ၊ သက်ကြီးဘိုးဘွားများနှင့် ကလေးမိခင်များကို ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မပင်မပန်းသွားလာနိုင်စေရန် ဘက်ဂီမော်တော်ယာဉ်ငယ်များဖြင့် အသွားအပြန် ပို့ဆောင်ပေးလျက်ရှိရာ မာရဝိဇယဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း စည်ကားလျက်ရှိသည်။ ဘုရားဖူးလာ ရဟန်း၊ ရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ဘုရားဂေါပကအဖွဲ့ထံ၌လည်းကောင်း၊ အလှူခံပုံးအသီးသီးတွင်လည်းကောင်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။



မာရဝိဇယဘုရားကြီး ရင်ပြင်တော်ပေါ်တွင် စိတ်အေးချမ်းသာစွာ ဘုရားဝတ်ပြုသူများ၊ ပဋ္ဌာန်းရွတ်ဖတ်သူများ၊ ဆုတောင်းမေတ္တာ ပို့သသူများ၊ ကြည်ညိုသဒ္ဓါပွားများသူများ၊ မုဒိတာပွားများသူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားကြီး၏ ရင်ပြင်တော်ပေါ်ရှိ သဒ္ဓါဓိပတိခေါင်းလောင်းတော်ကြီးအား တီးခတ်၍ ကုသိုလ်ပြုအမျှဝေကြသူများ၊ ဘုရားရင်ပြင်တော် အောင်မြေပေါ်တွင် အဓိဋ္ဌာန်ဆုတောင်း ဖူးမြော်ကြသူများ၊ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသော ဂန္ဓကုဋီတိုက် ၂၄ ဆောင်အတွင်းရှိ ဇာတ်နိပါတ်တော်များအား စိတ်ပါဝင်စားစွာ လေ့လာဖတ်မှတ်နေကြသူများ၊ ကျောက်စာရုံစေတီတော်အဆူ ၇၂၀ တို့တွင် ဖူးမြော်ကြည်ညိုသဒ္ဓါပွားများသူများ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရားဖူးမြော်သူများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးတွင် လေ့လာကြည်ညိုကြသူများနှင့် အသင်းအဖွဲ့လိုက် ဝတ်ရွတ်ပူဇော်သူများ၊ ဇရပ်များအတွင်း အသင်းအဖွဲ့လိုက် နားနေသူများဖြင့် စည်ကားလျက်ရှိသည်။

### အခမဲ့ဖူးမြော်ခွင့်ပြု

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသူများကို အခမဲ့ဖူးမြော်ခွင့်ပေးထားပြီး ယနေ့မှစ၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း ဝင်ရောက်ချိန်တွင် ကင်မရာပါသည့် ဖုန်း၊ အခြားဗီဒီယိုမှတ်တမ်းများ ရိုက်ကူးခြင်းနှင့် အပျော်တမ်းကင်မရာ ရိုက်ကူးခြင်းများကို ထိုက်သင့်သည့်နှုန်းထားဖြင့် အခကြေးငွေ ကောက်ခံကာ ယူဆောင်ခွင့်ပြုထားရှိကြောင်း၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ယာဉ်ရပ်နားရန်နေရာတွင် ဝင်ရောက်ရပ်နားမည့် ကိုယ်ပိုင်ယာဉ်ငယ်များ၏ ယာဉ်ရပ်နားခကိုလည်း ထိုက်သင့်သည့် ရပ်နားခနှုန်းထားများဖြင့် ဝင်ရောက်ခွင့်ပြုထားရှိကြောင်းနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အား နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **ဇော်ဘီ**

**ဓာတ်ပုံ - အိမ့်ဘီလီယံမောင်**

---

*စာမျက်နှာ ၇ မှ*

ဆောင်ရွက်ထားရှိတဲ့ အခြေအနေတွေကို မျက်မြင်လေ့လာခွင့်ရခဲ့ပါတယ်။ ဒီလိုမျိုး မြန်မာအစိုးရရဲ့ ဆောင်ရွက်ပေးနေမှုကိုလည်း မိမိအနေနဲ့ ဝမ်းမြောက်စွာ အသိအမှတ်ပြုကြောင်းလည်း ပြောလိုပါတယ်။

မြန်မာအစိုးရအနေနဲ့ မိုခါမုန်တိုင်းဒဏ်သင့်ထူထောင်ရေးလုပ်ငန်းတွေနဲ့ နေရပ်စွန့်ခွာသူများအရေးကိစ္စတွေကို ဖြေရှင်းနိုင်ဖို့ အကောင်းဆုံးဆောင်ရွက်ပေးနေတာကိုလည်း တွေ့မြင်ခဲ့ရတယ်။

ကျွန်တော့်အနေနဲ့ ပြောကြားရမယ်ဆိုရင် သီရိလင်္ကာနိုင်ငံမှာလည်း နှစ် (၃၀) ကြာ အကြမ်းဖက်နှိမ်နင်းရေးဆောင်ရွက်ခဲ့မှုတွေ၊ ၂၀၁၄ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဆူနာမီဘေးဒဏ်သင့် ဒေသတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ၊ စီးပွားရေး အကျပ်အတည်းတွေ၊ ကိုဗစ်-၁၉လို ကပ်ရောဂါများ ထိန်းချုပ်ကာကွယ် ကုသရေးတွေစတဲ့ အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ရတဲ့ အတွေ့အကြုံတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် ခုလို မြန်မာနိုင်ငံက ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းနိုင်တာကို တွေ့မြင်ရတဲ့အတွက်လည်း မြန်မာအစိုးရရဲ့ ဆောင်ရွက်ပေးမှုအပေါ် ချီးကျူးဂုဏ်ပြုကြောင်း ပြောလိုပါတယ်။

ဆိုင်ကလုန်းမိုခါနဲ့ ပတ်သက်ပြီးတော့လည်း မြန်မာအစိုးရအနေနဲ့ ကြိုတင်သတိပေးမှုတွေ ကြိုတင်ပြင်ဆင်မှုတွေကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့လို့ သေဆုံးမှုအရေအတွက် အနည်းဆုံးဖြစ်ခဲ့တာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော်တို့ လေ့လာခဲ့ရတဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ၊ နေရပ်စွန့်ခွာသူတွေ ပြန်လည်လက်ခံရေး စီစဉ်ဆောင်ရွက်ရတာတွေဟာ ဒီလိုအခြေအနေရောက်ရှိအောင် လက်တွေ့ဆောင်ရွက်ရတာ မလွယ်ကူနိုင်ပါဘူး။

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင် မြန်မာအစိုးရဟာ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ပေးနေတာကို လေ့လာခဲ့ရပါတယ်။ ဒီနေရာမှာ ပြောကြားလိုတာကတော့ သီရိလင်္ကာနိုင်ငံအနေနဲ့ အကြမ်းဖက် တိုက်ဖျက်မှုကို လုပ်ဆောင်ပြီးနောက် မူလအခြေအနေ ရောက်ရှိဖို့ လုပ်ငန်း ဆောင်ရွက်ခဲ့ရာမှာလည်း အချိန်ယူဆောင်ရွက်ခဲ့ရသလို ပြန်လည်နေရာချထားရေးမှာ မူလအခြေအနေ ပြန်လည်ရောက်ရှိဖို့ အချိန်အတိုင်းအတာတစ်ခု လိုအပ်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးမှာ စိန်ခေါ်မှုတွေ ရှိနေတယ်ဆိုပေမယ့် မြန်မာနိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအားလုံးကို အောင်မြင်စွာ ကျော်လွှားနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ သီရိလင်္ကာနိုင်ငံအနေနဲ့လည်း မိတ်ဆွေကောင်းပီသစွာ မြန်မာနိုင်ငံဘက်က အစဉ်အမြဲရပ်တည်သွားမယ်လို့ ထပ်လောင်း ပြောကြားလိုပါတယ်။

**သန်းမင်းအောင်(သတင်းစဉ်)**

**ဓာတ်ပုံ - အောင်မင်းဟန်**

---

❊ *ကျောဖုံးမှ*

မြန်မာနိုင်ငံ မည်သည့်ဒေသမှ ပြည်သူကိုမဆို ဝင်ထွက်သွားလာနိုင်သော တရားဝင် ခြောက်ညအိပ် ခုနစ်ရက် နေထိုင်သွားလာခွင့် ယာယီနယ်စပ်ဖြတ်သန်းခွင့် ကတ်ပြား(TBP)- တစ်ခါသုံးကတ်များကို စတင်ပြုလုပ်ဆောင်ရွက်လျက်ရှိရာ တစ်ခါသုံးကတ်ဖြင့် နယ်စပ်ဂိတ်များမှ ဝင်ထွက် သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံ လူဝင်/ထွက်ဂိတ်များဖြစ်သော နန်းတော်ဂိတ်နှင့် ဆင်ဖြူဂိတ်တို့မှ ၂၀၂၃ ခုနှစ် နှစ်ဦးပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ပြန့်ပွားမှုကို ကောင်းစွာ ဟန့်တားထိန်းချုပ်နိုင်ပြီဖြစ်၍ နယ်စပ်အဓိကအချက်အချာမြို့များဖြစ်သော မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့တွင် နေထိုင်ကြောင်း အိမ်ထောင်စုဇယားရှိသူများကိုသာ နှစ်နိုင်ငံဝင်/ထွက် စာအုပ် (BP) များကို စတင်ပြုလုပ်ဆောင်ရွက်ပေးကာ ဝင်ထွက် သွားလာနိုင်ကြောင်း၊ နိုင်ငံသားတိုင်း မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (EID) မှန်ကန်ပါက တစ်ခါသုံး နှစ်နိုင်ငံ ဝင်/ထွက်ကတ် (TBP) များကို အဝင်အထွက်စာရွက်စာတမ်း ဝန်ဆောင်ခမြန်မာကျပ်ငွေ ၁၀၀၀ ကျပ်ဖြင့် နယ်စပ်လူဝင်/ ထွက်ဂိတ်များရှိ လူဝင်မှုကြီးကြပ်နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြုလုပ်ဆောင်ရွက်ပေးကာ တစ်ခါသုံးကတ်ဖြင့် စတင်ဝင်ထွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တစ်ခါသုံးဝင်/ထွက်ကတ် (TBP) များဖြင့် နန်းတော်ဂိတ်နှင့် ဆင်ဖြူဝင်ဂိတ်တို့တွင် သွားလာဝင်ထွက်နိုင်ပြီဖြစ်ပြီး မန့်ဝိန်းဂိတ်တွင် ကုန်တင်ယာဉ်မောင်း တစ်ဦးသာ ယာယီတစ်ခါသုံးကတ် (TBP) ကို ပြုလုပ်ပေးနေကြောင်း သိရသည်။

ထိုသို့ ခုနစ်ရက် နေထိုင်သွားလာခွင့် နှစ်နိုင်ငံဝင်/ထွက် တစ်ခါသုံးကတ်များ ပြုလုပ်ဆောင်ရွက်ပေးနေမှုတို့ကို ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့် နယ်စပ်ဂိတ် လဝကဒုတိယဌာနခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမိုး၊ မူဆယ်မြို့နယ် ဦးစီးမှူး ဦးစန်းလွင်တို့က နယ်စပ်ဂိတ်များကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားခဲ့ကာ တစ်ခါသုံးကတ် ဆောင်ရွက်ရာတွင် အလွယ်တကူ မြန်ဆန်ထိရောက်မှုရှိစေရေးနှင့် လက်ရှိ ဝင်ထွက်သွားလာကြမည့် ပြည်သူများအား ကတ်ပြုလုပ်ဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကြီးကြပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကျောက်စာရုံတွေနဲ့ပတ်သက်ပြီးတော့လည်း အမြော်အမြင်ရှိရှိနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို ဗုဒ္ဓဘာသာဝင် တစ်ဦးအနေနဲ့ တည်ထားပေးတာ အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်

အရှင်အဂ္ဂဓဇ

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားသော ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်း၊ ရှင်လူအများပြည်သူတို့ အခမဲ့လာရောက်ဖူးမြော်နိုင်ရန် ဖွင့်လှစ်ထားရှိခဲ့ပြီး ယနေ့ စက်တင်ဘာ ၄ ရက်တွင် ဘုရားဖူးပြည်သူများ အခမဲ့ဖူးမြော်နိုင်ပြီး ကင်မရာပါရှိသည့် လက်ကိုင်ဖုန်းများကို ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေ ၁၀၀၀ ကျပ်ဖြင့် ဝင်ခွင့်ပြုခဲ့ရာ လာရောက်ဖူးမြော်ကြည်ညိုကြသူများ စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။**



အရှင်အဂ္ဂဓဇ

အဖွဲ့အလိုက်ဘုရားဖူးများ၊ အနယ်နယ် အရပ်ရပ်မှ ဖူးမြော်သူများ၏ ကြည်ညို သဒ္ဓါအားကောင်းစွာ လှူဒါန်းပူဇော်နေမှုများနှင့် ပျော်ရွှင်စွာ လှေ့လာဖူးမြော်နေမှုများကို မြင်တွေ့ရပြီး ဘုရားကြီးသို့ လာရောက်ဖူးမြော်သူများ၏ ပီတိစကားများ၊ အနုမောဒနာသာဓုခေါ်သံများနှင့် သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ပါသည်။

**အရှင်အဂ္ဂဓဇ (တောင်သာလေး ဆရာတော်၊ ပုသိမ်ကြီးမြို့နယ်)**

ဦးဇင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ တောင်သာလေးကျောင်း တိုက်ကနေ နေပြည်တော်မှာတည်ထားတဲ့ မာရဝိဇယဘုရားကြီးကိုလာရောက်ဖူးမြော် တာပါ။ ဦးဇင်းတို့က ဗုဒ္ဓဘာသာလည်း ဖြစ်တယ်။ ဘုရားရဲ့သားတွေလည်း ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာ အကြီးဆုံးဖြစ်တဲ့ တစ်နည်းအားဖြင့် ကမ္ဘာ့ ဉာဏ်တော်အမြင့်ဆုံး ထိုင်တော်မူဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးဖြစ်တဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဘုရားဂုဏ် တော်တွေပွားပြီး ကြည်ညိုလွန်းလို့ လာရောက်ဖူးမြော်တာ ဖြစ်ပါတယ်။ မြင်ရဖူးရတဲ့အခါမှာလည်း အင်မတန် ထူးခြားလှတဲ့ ဘုရားကြီးလည်းဖြစ်သလို ကျောင်း၊ ကန်၊ ဇရပ်တွေပါ ပြည့်စုံလွန်း လှပါတယ်။ ကျောက်စာရုံတွေနဲ့ ပတ်သက် ပြီးတော့လည်း အမြော်အမြင်ရှိရှိနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို ဗုဒ္ဓ ဘာသာဝင်တစ်ဦးအနေနဲ့ တည်ထား ပေးတာ အလွန်ဝမ်းသာပီတိဖြစ်မိပါတယ်။

မင်းတုန်းမင်းကြီး လက်ထက် ကလည်း ကျောက်ထက်အက္ခရာတင်ခဲ့တာ တွေရှိပါတယ်။ အခုလည်းပဲ သာသနာ အဓွန့်ရှည်ဖို့အတွက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီး ကိုယ်တိုင် က သာသနာအတွက် လုပ်ပေးတယ် ဆိုတော့ ဦးဇင်းတို့အနေနဲ့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ဘုရားဖူးလာပြည်သူတွေ ကို ဘုရားကြီးပရိဝုဏ်အတွင်း မဝင်ခင် ရော ပရိဝုဏ်အတွင်းမှာပါ ဦးဇင်းအနေနဲ့ မင်္ဂလာစကားတွေပြောတဲ့အခါ ဘုရား ကြီးလာရောက်ဖူးမြော်ကြတာ၊ အင်မတန် ကျေနပ်အားရနေကြရတာကို သိရပါ တယ်။ ဒီလိုတွေသိရတော့ ဝမ်းသာမဆုံး သာဓုအကြိမ်ကြိမ် ခေါ်ဆိုမိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ဘာသာရေး၊ သာသနာရေးနဲ့ပတ်သက်ပြီး အင်မတန်မှ ထူးထူးချွန်ချွန်လုပ်တဲ့အတွက် ဝမ်းသာ ပီတိတွေဖြစ်မိပါတယ်။

**ကိုမြတ်မောင်မောင်ကျော် (ကလောမြို့နယ်)**

ကျွန်တော်က ကလောမြို့နယ်ကနေ ပြီး စကျင်ကျောက်နဲ့ ထုဆစ်ထားတဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံးဖြစ်တဲ့ထိုင်တော်မူ မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို မိသားစု ၁၄ ယောက်နဲ့ လာရောက်ဖူးမြော် တာ ဖြစ်ပါတယ်။ ပထမဆုံး ဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်မှာ ဘုရားဝတ်ပြုပြီး မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာ သားတွေ ကျန်းမာ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သခဲ့ပါတယ်။ အဲဒီ နောက်မှာ ကျောက်စာရုံစေတီတွေကို သွားရောက်လေ့လာ ဖြစ်ပါတယ်။ မန္တလေးမြို့ ကုသိုလ်တော်ဘုရားမှာရှိတဲ့ ကျောက်စာတွေကိုလည်း လေ့လာဖူးပါ တယ်။ ဒါပေမယ့် ဒီကျောက်စာတွေက ကျွန်တော်တို့လို အရပ်သားတွေဖတ်လို့ ရအောင် ပြုလုပ်ပေးထားပါတယ်။ ပါဠိ အက္ခရာတွေဆိုတာ အခုခေတ်လူငယ် တွေ တော်တော်များများက ဖတ်တတ် နေကြပါပြီ။ လူငယ်တွေဟာ ဘုရား၊ တရား သံဃာနဲ့လည်း သိပ်ပြီးမဝေးလှတဲ့ အတွက်လည်း ဖြစ်ပါတယ်။ ကျောက်စာ တွေကို ခေတ်မီ စက်ကိရိယာတွေနဲ့ စာလုံးပေါင်းသတ်ပုံ အမှားအယွင်းမရှိ ထွင်းထုထားတာလည်း တော်တော်ကို အံ့ဩမှင်တက်မိပါတယ်။ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ ဗုဒ္ဓဘာသာဝင်တွေကို လည်း လာရောက်ဖူးမြော်ကြဖို့ တိုက်တွန်း နှိုးဆော်ပါတယ်။ အခြားဘာသာဝင်တွေ ကိုလည်း လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။



ကိုမြတ်မောင်မောင်ကျော်



ဒေါ်အုန်းကြည်

**ဒေါ်အုန်းကြည် (ရေနီမြို့နယ်)**

ကျွန်မက ရေနီမြို့နယ်က လာရောက် ဖူးမြော်တာပါ။ ဘုရားကြီးကို ကြည်ညို လွန်းလို့ ဆေးခန်းပြဖို့ကို မသွားသေးဘဲနဲ့ ဘုရားကြီးကို အရင်ဦးဆုံး လာရောက် ဖူးမြော်တာ ဖြစ်ပါတယ်။ ဘုရားကြီး ဖူးမြော်ပြီး အပြန်မှ ဆေးခန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့လို အသက်ကြီးတဲ့ သူတွေ၊ ကျန်းမာရေးချို့တဲ့တဲ့ ဘုရားဖူး လာပြည်သူတွေအတွက် လက်တွန်းလှည်း တွေ စီစဉ်ပေးထားတာ သာဓုအကြိမ်ကြိမ် ခေါ်ဆိုပါတယ်။ ဘုရားကြီးကို တည် ဆောက်ပူဇော်ဖို့ စကျင်ကျောက်တော် သယ်ယူတဲ့အခါမှာလည်း ရေလမ်း၊ ကုန်းလမ်းအပြင် နေ့ရောညပါ သယ်ယူ ရတဲ့အတွက် နေပြည်တော်ကို ရောက်ဖို့ ဆိုတာ အတော်ခက်ခဲပါတယ်။ ဘုရား ကြီး ပင့်ထောင်တဲ့အခါမှာလည်း ခေတ်မီ စက်ယန္တရားတွေ အသုံးပြုခဲ့ရတယ်လို့ သိရပါတယ်။ ဒီလိုအခက်အခဲတွေကြား ကနေ တည်ထားပူဇော်နိုင်ခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။

အခုလိုဘုရားကြီးကို မျက်မြင်လာ ရောက် ဖူးမြော်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာကျေနပ်ပါတယ်။ ဘုရားကြီးက စကျင်ကျောက်နဲ့ ထုဆစ်တာ အကြီးမား ဆုံးဖြစ်တဲ့အတွက် မှတ်တမ်းတင်ထိုက် စရာ ဘုရားတစ်ဆူလည်း ဖြစ်ပါတယ်။ ဘုရားရဲ့ ပတ်ပတ်လည်မှာရှိတဲ့ ဂန္ဓကုဋိ တိုက်တွေမှာ ၅၅၀ ဇာတ်နိပါတ်တော်နဲ့ ၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော်တွေကို ထုဆစ်ထားတဲ့ ဗိသုကာလက်ရာတွေကို လည်း တွေ့ရပါတယ်။ ကျောက်စာရုံကြီး မှာ ပိဋကတ်သုံးပုံကို ရေးထိုးတယ် ဆိုတော့ တကယ်ကို ထူးခြားပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေ လည်း မာရဝိဇယဘုရားကြီးကို လာ ရောက်ဖူးမြော်ကြပါ။ ကျွန်မလိုပဲ ဘုရား ကြီးထဲရောက်တာနဲ့ စိတ်အေးချမ်းတဲ့ ခံစားချက်ကို ရရှိမှာဖြစ်သလို ကျန်းမာ ရေး မကောင်းတာတွေပါ သက်သာလာ တယ်လို့ ခံစားမိပါတယ်။



မနန်းခမ်းယုံ



မသီရိရွှေစင်

**မနန်းခမ်းယုံ (ပအိုဝ်းတိုင်းရင်းသူ၊ တောင်ကြီးမြို့)**

ဘုရားကြီးကို ဩဂုတ် ၈ ရက် ကတည်းက စတင်ဖူးမြော် ခွင့်ပြုတာ သိရပါတယ်။ လူမှုကွန်ရက် စာမျက်နှာ တွေထဲမှာတော့ ဖူးတွေ့ခဲ့ရပေမယ့် အခု အပြင်မှာ ဖူးမြင်ရတော့ လွန်စွာသပ္ပာယ် ကြည်ညိုလှပါတယ်။ အလွန်ဖူးမြော်ချင် စိတ်ဖြစ်ပေါ်နေခဲ့တာပါ။ ဒီနေ့တော့ ရပ်ဆွေရပ်မျိုး ၃၀ လောက်ကို ကားနှစ်စီး နဲ့ ဘုရားဖူး မရောက်ရောက်အောင် လာရောက်ဖူးမြော်ခြင်း ဖြစ်ပါတယ်။ နောက်ပြီး မသန်စွမ်းတွေနဲ့ သက်ကြီး ဘိုးဘွားတွေ ဘုရားရင်ပြင်ပေါ်ကို တက် ရောက်ပြီး ဖူးမြော်နိုင်ဖို့ စက်လှေကား စီစဉ်ပေးထားမှုကလည်း အတော်လေး အဆင်ပြေပါတယ်။ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးရဲ့ ပတ်ပတ်လည်မှာရှိတဲ့ ဂန္ဓကုဋိ တိုက်အတွင်းမှာလည်း ၅၅၀ ဇာတ်နိပါတ် တော်ကို ပြသထားခြင်းဟာလည်း ဗုဒ္ဓ ဘာသာရဲ့အနှစ်သာရကို ထင်ဟပ်စေပါ တယ်။ ကျောက်စာရုံစေတီမှာဆိုလည်း လေ့လာစရာတွေ အများကြီးရှိနေပါတယ်။ ကျောက်စာရုံစေတီတွေ ဘက်ကနေ လည်း ဘုရားကြီးကို ဖူးမြော်လို့ရအောင် တည်ဆောက်ထားတဲ့ အတတ်ပညာ ကလည်း ထူးခြားပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က မိတ်ဆွေ၊ သူငယ်ချင်းတွေ လာရောက်ဖူးမြော်ကြဖို့ နှိုးဆော်လိုပါတယ်။

**မသီရိရွှေစင် (ကျောင်းသူ၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မကတော့ အ.ထ.က ၅ ဇမ္ဗူသီရိ မြို့နယ်ကပါ။ ကျွန်မတို့ကျောင်းက ဆရာ ဆရာမတွေရဲ့ အုပ်ထိန်းမှုနဲ့ ကျောင်းသား ကျောင်းသူ ၂၀၀ ဝန်းကျင်လောက်ကို မာရဝိဇယဘုရားကြီး ဖူးမြော်ဖို့ လိုက်ပို့ ပေးပါတယ်။ မာရဝိဇယဘုရားကြီးကို စပြီးဖူးလိုက်တဲ့အချိန်မှာ ရင်ထဲမှာ အေးချမ်းပြီးတော့ ကြည်ညိုစိတ်ဖြစ်ပေါ် ပါတယ်။ စိတ်လည်း အလွန်ချမ်းသာပါ တယ်။ ကျောက်စာရုံစေတီတွေ၊ နဂါးရုံ ဘုရားကိုလည်း သူငယ်ချင်းတွေနဲ့အတူ ဖူးမြော်ခဲ့ပါတယ်။ ရုပ်မြင်သံကြားမှာ စတွေ့လိုက်တော့ ဘုရားကြီးဟာ ကြည်ညိုစရာအလွန်ပဲ ကောင်းပါတယ်။ ဘုရားကြီးကို ဖူးမြော်လိုတဲ့ ဆန္ဒတွေ အတိုင်းမသိဖြစ်လာတဲ့အတွက် မိသားစု တွေနဲ့ လာရောက်ဖူးမြော်တာ ဖြစ်ပါ တယ်။ မာရဝိဇယဘုရားကြီးကို မိဘ ဆွေမျိုးတွေနဲ့ တစ်ခေါက်လောက်တော့ လာရောက်ဖူးစေချင်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းက ကျောင်းသား ကျောင်းသူတွေလည်း ဘုရားကြီးအား လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။

**ဟိန်းထက်ဇော် (မြန်မာ့အလင်း)**

**ဓာတ်ပုံ - အိမ့်ဘီလီယံမောင်**

---

✳ *ကျောဖုံးမှ*

ယခုပွဲစဉ်မတိုင်မီကစားခဲ့သည့် လီဂူးဝမ်းပွဲစဉ် သုံးပွဲတွင် နိုင်ပွဲရရှိထား ခြင်းမရှိဘဲ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ရရှိထားသော လိုင်ယွန်အသင်း သည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိရေး အကြိတ်အနယ် ယှဉ်ပြိုင်ကစား နိုင်ခဲ့သော်လည်း တိုက်စစ်အဆုံးသတ်ပိုင်း အားနည်းခဲ့သည့်အတွက် ရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

**အမှတ်ပေးဇယားအောက်ဆုံးတွင် ရပ်တည်နေ**

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေ၊ အာကီမီ နှင့် အေဆန်စီယိုတို့က သွင်းယူပေးနိုင်ခဲ့သည်။ လိုင်ယွန်အသင်းအတွက် ချေပဂိုးကို တိုလစ်ဆိုက သွင်းယူပေးခဲ့သည်။ လိုင်ယွန်အသင်းသည် ၁၉၆၆ ခုနှစ်နောက်ပိုင်း လိဂ်ပွဲတစ်ပွဲ၌ ပထမပိုင်းအတွင်း လေးဂိုး ခွင့်ပြုပေးရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့် လိုင်ယွန်အသင်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းပွဲစဉ် (၄) အပြီးတွင် ရမှတ် တစ်မှတ်ဖြင့် အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်နေသည်။

ပီအက်စ်ဂျီအသင်းက မာဆေးလ်အသင်းနှင့် ရမှတ် ၈ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၂) သို့ တက်လှမ်းနိုင်ခဲ့သည်။ ယခုပွဲစဉ် တွင် သွင်းဂိုး နှစ်ဂိုး ရယူနိုင်ခဲ့သော အမ်ဘာပေသည် လီဂူးဝမ်း၌ သုံးပွဲ ကစားပြီး သွင်းဂိုး ငါးဂိုးအထိ ရှိလာပြီဖြစ်သည်။

**အောင်ဇော်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်း နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့် အတင့်ရှိနေသည်။

**မိုး/ဇလ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းများနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

# ကိုက်ညီသည့်အုပ်ချုပ်ပုံစနစ်နှင့်အတူ လူ၏စေတနာကသာ ပို၍အရေးကြီးပါသည်

**စနစ်ဆိုတာ လူတွေက လုပ်တာ၊ ဖန်တီးတာ၊ လူတွေကြောင့် စနစ်ဖြစ်လာတာ၊ လူတွေပိုကောင်းဖို့ စနစ်သစ်တွေ ပြဋ္ဌာန်းရတာ၊ ဒါပေမယ့် လူတွေပြုလုပ်ဖန်တီးထားတဲ့စနစ်က လူတွေကို ပိုကောင်းအောင်၊ ပိုတိုးတက်အောင် ပြန်မလုပ်ပေးနိုင်တဲ့အခါ လူနဲ့စနစ်က သဟဇာတမဖြစ်တော့ဘဲ ဒီလူတွေကပဲ ဒီစနစ်ကို တိုက်ထုတ်လိုက်ကြပြန်ရော...ဖြစ်ပုံက။**

မြင့်မြတ်

**※ အာဖရိကတိုက်က ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံမှာ စာတတ်မြောက်မှုမြင့်မားပြီး တစ်ဦးချင်း GDP မြင့်တယ်ဆိုကြပေမယ့် ပြည်သူအများစုကတော့ နိုင်ငံချမ်းသာမှုနဲ့ နှိုင်းယှဉ်ရင် ဆင်းရဲကြပါတယ်။ ရွေးကောက်ပွဲနဲ့ မဲလိမ်မဲခိုးပြဿနာ၊ ရွေးကောက်ပွဲတိုင်းမှာ သပိတ်မှောက်မှု၊ ရွေးကောက်ပွဲအပြီးဖြစ်ရိုးဖြစ်စဉ် ရုန်းရင်းဆန်ခတ်မှုများ၊ အတိုက်အခံ ပါတီတွေကိုထောက်ခံတဲ့ လမ်းပေါ်ထွက်၊ မီးရှို့ဆန္ဒပြ၊ အဓိကရုဏ်းများဆိုတာ ဂါဘွန်နိုင်ငံရေးမှာ အထူးအဆန်းမဟုတ်ခဲ့ပါဘူး။ ဒါ့ကြောင့်လည်း ၂၀၁၉ မှာ တပ်က အာဏာသိမ်းဖို့ ကြိုးစားခဲ့ရာမှာ မအောင်မြင်ခဲ့ဘဲ ထိုစဉ်က သမ္မတက ယခုအချိန်မှာ သမ္မတထပ်ဖြစ်ဖို့ ကြိုးစားနေဆဲ သမ္မတအလီဘွန်ဂိုတစ်ဦးတည်းပါပဲ။ အဲဒီအချိန် အဲဒီကာလက သမ္မတဘက်က စစ်ဘက်အာဏာသိမ်းမှုကို ဖြိုခွင်းနိုင်ခဲ့ပေမယ့် ယခု သူ့ရဲ့တတိယမြောက်သမ္မတ သက်တမ်းအတွက် ကြိုးစားရာမှာတော့ အတိတ်က ရခဲ့တဲ့အခွင့်အရေးမျိုးကို ဂါဘွန်တပ်မတော်ကရော ပြည်သူတွေဘက်ကပါ လက်ရှိအခြေအနေများအရ ပေးနိုင်မယ့်အခြေအနေမှာ မရှိတော့ပါဘူး**

**အာဏာသိမ်းတပ်မတော်ကို မကန့်ကွက်ထောက်ခံခဲ့ကြတဲ့ပြည်သူတွေ**

တပ်မတော်က အာဏာသိမ်းလို့ အာဏာသိမ်းတာကို ကန့်ကွက်ရမယ့်အစား လူတွေလမ်းပေါ်ထွက်၊ အောင်ပွဲခံ၊ အာဏာသိမ်းတာကို ထောက်ခံ၊ အာဏာသိမ်းစစ်သားတွေကို လူထုကပွေ့ဖက်ကြတဲ့ မြင်ကွင်းတွေ ခုတလော မကြာမကြာ တွေ့လာနေရတယ်။ လွန်ခဲ့တဲ့လက နိုင်ဂျာမှာ စစ်ဘက်က အာဏာသိမ်းပြီးတော့ နောက်တစ်နိုင်ငံမှာ အလားတူဖြစ်စဉ်တစ်ခုက ဂါဘွန်နိုင်ငံမှာပါ။

ထိုနိုင်ငံရွေးကောက်ပွဲမှာ ပြန်အနိုင်ရခဲ့တဲ့ သမ္မတအလီဘွန်ဂါအွန်ဒင်ဘာကို **"မဲမသမာမှု ကျူးလွန်တယ်၊ ရွေးကောက်ပွဲဟာ မှုမမှန်မှုတွေနဲ့ လွတ်လပ်ပြီး တရားမျှတမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိ..."** စတဲ့အချက်ကို အတိုက်အခံတွေက စွပ်စွဲရာကနေ တပ်က အာဏာသိမ်းလိုက်ခြင်းပဲဖြစ်ပါတယ်။ အတိုက်အခံတွေနဲ့တစ်သားတည်း တပ်မတော်က ရပ်တည်ခဲ့ခြင်းပါပဲ။ လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်ရမယ့်အစား နိုင်ငံခြားသတင်းဌာနတွေကို ပိတ်ပင်ခြင်း၊ အင်တာနက်လိုင်းများ ဖြတ်တောက်ခြင်း၊ နိုင်ငံတကာ လေ့လာသူများ လေ့လာခွင့်မရခြင်း စတဲ့ အားနည်းချက်တွေကို အာဏာသိမ်းတပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး ဘရိုက်စ်ကလိုတေးအိုလီဂွီနျူမာက ထောက်ပြခဲ့ပြီး သူ့ရဲ့ ဖော်ပြချက်ဟာ အတိုက်အခံတွေရဲ့ ရပ်တည်ချက်အတိုင်းကို ထင်ဟပ်စေခဲ့ပါတယ်။ အာဏာသိမ်းခြင်းလက္ခဏာများနဲ့ပြည့်စုံစွာ ရွေးကောက်ပွဲရလဒ်တွေ ဖျက်သိမ်း၊ ပါလီမန်နဲ့ နိုင်ငံမှာရှိတဲ့ အဖွဲ့အစည်းအားလုံးဖျက်သိမ်း၊ နယ်စပ်တွေပိတ် စတာတွေ ပြုလုပ်ခဲ့ပါတယ်။

**အတိတ်ကအစဉ်အလာပဋိပက္ခတွေနဲ့ ဝေးစွာသော အကြောင်းတရားများ**

မြန်မာနိုင်ငံ ဧရိယာရဲ့ ထက်ဝက်နီးပါးလောက်ရှိပြီး ခရစ်ယာန် ၇၅ ရာခိုင်နှုန်းခန့်ရှိတဲ့ ဂါဘွန်ဟာ အာဖရိကတိုက်အလယ်အနောက်ပိုင်းက ဆင်းရဲတဲ့ ပြည်သူအများစုနေထိုင်ရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ လူဦးရေက ၂ ဒသမ ၃ သန်းသာရှိပြီး မြို့တော်က လစ်ဗရီဗယ်လီ ပါ။ ဘုရင့်နိုင်ငံတော်ဖြစ်ခဲ့ဖူးပြီး ၁၉၆၀ ပြည့်နှစ်မှာ ပြင်သစ်ကိုလိုနီလက်အောက်ခံဘဝကနေ လွတ်မြောက်ခဲ့ပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ မအောင်မြင်တဲ့ အာဏာသိမ်းမှုနှစ်ကြိမ်ဖြစ်ခဲ့အပြီး နိုင်ငံရေး၊ စီးပွားရေး ဖြေလျှော့မှုတွေလုပ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။

**အာဖရိကတိုက်က ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံမှာ စာတတ်မြောက်မှုမြင့်မားပြီး တစ်ဦးချင်း GDP မြင့်တယ်ဆိုကြပေမယ့် ပြည်သူအများစုကတော့ နိုင်ငံချမ်းသာမှုနဲ့နှိုင်းယှဉ်ရင် ဆင်းရဲကြပါတယ်။ ရွေးကောက်ပွဲနဲ့ မဲလိမ်မဲခိုးပြဿနာ၊ ရွေးကောက်ပွဲတိုင်းမှာ သပိတ်မှောက်မှု၊ ရွေးကောက်ပွဲအပြီး ဖြစ်ရိုးဖြစ်စဉ် ရုန်းရင်းဆန်ခတ်မှုများ၊ အတိုက်အခံ ပါတီတွေကိုထောက်ခံတဲ့ လမ်းပေါ်ထွက်၊ မီးရှို့ဆန္ဒပြ၊ အဓိကရုဏ်းများဆိုတာ ဂါဘွန်နိုင်ငံရေးမှာ အထူးအဆန်း မဟုတ်ခဲ့ပါဘူး။ ဒါ့ကြောင့်လည်း ၂၀၁၉ မှာ တပ်က အာဏာသိမ်းဖို့ ကြိုးစားခဲ့ရာမှာ မအောင်မြင်ခဲ့ဘဲ ထိုစဉ်က သမ္မတက ယခုအချိန်မှာ သမ္မတထပ်ဖြစ်ဖို့ ကြိုးစားနေဆဲ သမ္မတအလီဘွန်ဂိုတစ်ဦးတည်းပါပဲ။ အဲဒီအချိန် အဲဒီကာလက သမ္မတဘက်က စစ်ဘက်အာဏာသိမ်းမှုကို ဖြိုခွင်းနိုင်ခဲ့ပေမယ့် ယခုသူ့ရဲ့တတိယမြောက် သမ္မတသက်တမ်းအတွက် ကြိုးစားရာမှာတော့ အတိတ်ကရခဲ့တဲ့ အခွင့်အရေးမျိုးကို ဂါဘွန်တပ်မတော်ကရော ပြည်သူတွေဘက်ကပါ လက်ရှိအခြေအနေများအရပေးနိုင်မယ့် အခြေအနေမှာ မရှိတော့ပါဘူး။**

**ရာစုနှစ်ဝက်ဒီမိုကရေစီအာဏာရှင် စနစ်ကသာ အရင်းခံ**

ဂါဘွန်မှာ ယခုဖြစ်တဲ့ပြဿနာရဲ့အရင်းခံက ဘာလဲ။ တပ်မတော်က အာဏာသိမ်းအပြီးမှာ ပြည်သူတွေ ဘာကြောင့် ပျော်ပျော်ရွှင်ရွှင်နဲ့ လမ်းတွေပေါ် ထွက်လာကြသလဲ။ ရွေးကောက်ပွဲတိုင်းမှာ မဲမသမာမှုတွေ ရှိခဲ့ဖူးတယ်၊ မဲရလဒ်ထွက်တိုင်းလည်း အတိုက်အခံဘက်က ဆန္ဒပြမှုတွေဖြစ်ခဲ့တယ်၊ သို့ပေမယ့် အခက်အခဲတိုင်းကို ကျော်ဖြတ်နိုင်ခဲ့ကြတယ်၊ ပြဿနာတိုင်းကို ဖြေရှင်းနိုင်ခဲ့ကြဖူးတယ်ဆိုပေမယ့် ဂါဘွန်ပြဿနာက ရှေ့ရှည်နိုင်ငံရေးပဋိပက္ခတစ်ခုသာ ဖြစ်ပါတယ်။ အာဏာကိုမိသားစုတစ်ခုတည်းက စွဲကိုင်ထားတဲ့ပြဿနာ၊ ဘွန်ဂါမိသားစုတစ်စုတည်းက နိုင်ငံကို ၅၅ နှစ်ကြာအောင် စိုးပိုင်အုပ်ချုပ်ခဲ့ကြတဲ့ပြဿနာက အရင်းခံပါ။

ဖခင်ဘွန်ဂိုအွန်ဒင်ဘာက ၁၉၇၉ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ သက်တမ်းခုနစ်ကြိမ်၊ သူ့သားအလီဘွန်ဂိုကတော့ ၂၀၀၉ ခုနှစ်ကနေ ယခုအာဏာသိမ်းခံရသည်အထိ သက်တမ်းနှစ်ကြိမ်၊ ရာစုနှစ်ဝက်ခန့်အထိ ဆွေမျိုးကောင်းစားရေးဝါဒနဲ့အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြတဲ့သဘောပါ။ ဖခင်လက်ထက်ရော သူ့သားလက်ထက်မှာပါ နိုင်ငံရေးပြဿနာတွေ ရှိခဲ့ကြပေမယ့် အာဏာကို တစ်ဦးတည်းတစ်မိသားစုထဲက ချုပ်ကိုင်ထားခြင်းဟာ ပြဿနာရဲ့ အခြေခံအကြောင်းတရားများထဲက တစ်ခုဖြစ်နေပါတယ်။

နိုင်ငံက ပြင်သစ်ရဲ့ဩဇာခံဘဝနဲ့ ပါတီစုံဒီမိုကရေစီစနစ်၊ ရွေးကောက်ပွဲနဲ့သွားတဲ့ ဒီမိုကရေစီဆိုပေမယ့် တစ်ဦးတည်း တစ်ပါတီတည်းရဲ့ ချုပ်ကိုင်မှုအောက်မှာ အာဏာရှင် ဒီမိုကရေစီဖြစ်ခဲ့ခြင်း၊ ရပြီးသားအာဏာကို လက်လွှတ်လိုက်ရမှာကြောက်တော့ အာဏာကို လက်တစ်လုံးခြား အလွဲသုံးစားလုပ်၊ ရွေးကောက်ပွဲမှာ မိမိအနိုင်ရစေမယ့် အားသာချက်တွေဖန်တီး၊ မသမာတဲ့မဲအရေအတွက်တွေကြောင့်သာ ယခုလို တပ်က အာဏာသိမ်းခံရသည်အထိ ဖြစ်ခဲ့ရခြင်းလို့ ဆိုနိုင်ပါတယ်။

**ပြည်ပစွက်ဖက်မှုများနဲ့အတူ မညီမျှမှုများခြင်းသည်လည်း အကြောင်းတရားတစ်ခု**

အာဏာရပါတီဟာ အတိုက်အခံပါတီတွေနဲ့ ညှိနှိုင်းပေါင်းစပ်နိုင်စွမ်းမရှိခဲ့သလို တပ်မတော်နဲ့လည်း ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ဟန်တူပါတယ်။ ယခင်ကာလများကတည်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ခဲ့ကြပါဘူး။ တပ်ဘက်က အာဏာသိမ်းရန် ကြိုးစားမှု မကြာခဏဖြစ်ခဲ့ရပြီး အာဏာသိမ်းမှုအကြိမ်တိုင်းမှာ မအောင်မြင်ဖြစ်ခဲ့ရခြင်းက ပြင်သစ်ရဲ့ဝင်ရောက်စွက်ဖက်မှုကြောင့်နဲ့ သမ္မတဘက်က ထောက်ခံကူညီမှုများကြောင့်ပါပဲ။

အုပ်ချုပ်သူအလွှာ၊ အတိုက်အခံနဲ့ တပ်မတော်ကြားမှာ ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်းက နိုင်ငံစည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့ နမူနာတစ်ခုဖြစ်ရသလို ယခုလို အာဏာသိမ်းတပ်မတော်ကို ထောက်ခံနေတဲ့ အောင်ပွဲခံ မြင်ကွင်းတွေရဲ့ အကြောင်းတရားများစွာရှိတာကို မြင်အောင်ကြည့်ဖို့လိုပါမယ်။ ဆိုခဲ့သလို ဒီမိုကရေစီ အာဏာရှင်ပုံစံနဲ့အုပ်ချုပ်ခဲ့သူ ဘွန်ဂါမျိုးဆက်ကို နာကြည်းနေတဲ့ ဂါဘွန်ပြည်သူတွေကိုယ်တိုင်က မကြိုက်တော့ဘူးဆိုတာ ထင်ရှားပါတယ်။ ဘယ်ပြဿနာတိုင်းမှာမဆို အကြောင်းတရားတစ်ခုတည်းက ဖြစ်တည်လာတာမဟုတ်ပါဘူး။ အရင်းခံအကြောင်းတရား Root cause ကို ရှာနိုင်ရမှာဖြစ်သလို ပြဿနာဖြစ်ရခြင်းမှာ လွှမ်းမိုးနေတဲ့ အခြားသော အကြောင်းအချက်များစွာ multifactorals များနဲ့ လတ်တလောအကြောင်းတရား Immediate cause တစ်ခုမဟုတ်တစ်ခုလည်း ရှိနေတတ်ပါတယ်။

**ဂါဘွန်နိုင်ငံရေးပြဿနာက တစ်ခုတည်းမကပါဘူး။ ဘွန်ဂါမျိုးဆက်ဟာ အာဏာရှင်ဒီမိုကရေစီ အချိုး ချိုးခဲ့တဲ့အပြင် ကင်ဆာသဖွယ်အမြစ်တွယ်နေတဲ့ အဂတိနဲ့ အကျင့်ပျက်ခြစား၊ အာဏာအလွဲသုံးစားမှုများစွာကို ကျူးလွန်ခဲ့ကြပါတယ်။ ရေနံ သယံဇာတ ကြွယ်ဝတဲ့ဂါဘွန်မှာ သမ္မတဘွန်ဂါမိသားစုက ကျိကျိတက် ချမ်းသာကြွယ်ဝနေကြပေမယ့် ညီမျှမှုတွေအကြား ၁၄ နှစ်ကြာ ဆင်းရဲတွင်းနက်နေတဲ့ ပြည်သူတွေရဲ့ အနေအထားဟာဖြင့် မဖြစ်သင့်တဲ့ အနေအထားတစ်ခုပါ။ တိုင်းပြည်ရဲ့ သယံဇာတတွေကို ကိုယ့်ပြည်သူတွေအတွက် သုံးတာထက် ပြင်သစ်လို နိုင်ငံတွေနဲ့ပေါင်းပြီး မောင်ပိုင်စီးနေကြဟန် တူပါတယ်။ တိုင်းပြည်မှာ ပြည်သူက ဆင်းရဲနေတဲ့ကြားထဲ နိုင်ငံရေးသမားတွေကလည်း မညီညွတ်၊ အုပ်ချုပ်သူ လူတန်းစားကလည်း စွမ်းဆောင်ရည် မရှိဆိုတော့... ဒီနိုင်ငံဟာ ဖရိုဖရဲအနေအထား တစ်ခုဆီ ဦးတည်နေတယ်ဆိုတဲ့ ဂါဘွန်တပ်မတော်ရဲ့ စိုးရိမ်သောကကိုသာ ကျွန်တော်တို့အနေနဲ့ အတိုင်းအတာတစ်ခုအထိ နားလည်ပေးလိုက်ရအောင်ပါ။**

**ခိုင်မာညီညွတ်သော Institution တစ်ခုသာလျှင် အားကိုးရာအမှန်**

ဂါဘွန်မှာ စစ်ဘက်က ယခုလို တည်တည်ငြိမ်ငြိမ်နဲ့ အာဏာသိမ်းမှုအပေါ် ဂါဘွန်ပြည်သူတွေက တစ်ခဲနက် ထောက်ခံကြပေမယ့် မထောက်ခံကြတဲ့ ပြည်ပအင်အားစုတွေလည်း ရှိစမြဲပါပဲ။ ထုံးစံအတိုင်း ဂါဘွန်အုပ်ချုပ်သူ အဆက်ဆက်နဲ့ အနီးကပ်ဆုံး ဆက်ဆံရေးရှိတဲ့ ပြင်သစ်အပါအဝင် အမေရိကန်နဲ့ အနောက်အုပ်စုဝင်တွေ၊ အာဖရိကယူနီယံ စတဲ့ အဖွဲ့အစည်းတွေက အာဏာသိမ်းစစ်ဘက်ကို အသိအမှတ်မပြုကြပါဘူး။ အလွန်အမင်းစိုးရိမ်ကြောင်း ပြသမှုတွေကတော့ ထုံးစံပါပဲ။ အနောက်အုပ်စုနဲ့ အာဖရိက ယူနီယံရဲ့ ပိတ်ဆို့အရေးယူမှုတွေကိုတော့ ရှောင်လွှဲလို့ရမှာ မဟုတ်တဲ့အပြင် လိုအပ်ရင် ကုလသမဂ္ဂငြိမ်းချမ်းရေးဝတ်စုံတွေဝတ်ပြီး ပြင်သစ်နဲ့ အမေရိကန်တပ်တွေ ဂါဘွန်နယ်မြေထဲ ဝင်ရောက်လာနိုင်ပါသေးတယ်။ ပြင်ပဒီမိုကရေစီ ဘက်တော်သားတွေက မထောက်ခံပေမယ့် ဂါဘွန်တပ်မတော်ကတော့ သူ့ပြည်သူ၊ သူ့ပြည်တွင်းအင်အား၊ သူ့ပြည်ပမိတ်ဆွေတွေနဲ့ ဆက်လက်ချီတက်မယ့် သဘောရှိနေပြီး အာဖရိကရဲ့ပထဝီနိုင်ငံရေးမှာပါ တိုးတက်ပြောင်းလဲမှု ဖြစ်လာနိုင်ခြေများစွာ ရှိနေတာကို အကဲခတ်မိပါတယ်။

အမှန်တော့ ယခုဂါဘွန်အာဏာသိမ်းဖြစ်စဉ်နဲ့ဆိုရင် အာဖရိကအနောက်ပိုင်းနဲ့ အလယ်ပိုင်းမှာ သုံးနှစ်အတွင်း ရှစ်ကြိမ်မြောက်ရှိခဲ့ပါပြီ။ အာဏာသိမ်းမှုများအပေါ် သူမှန်တယ်၊ ကိုယ်မှန်တယ် အငြင်းပွားနေတာထက် ဘာကြောင့် ဒီလိုတွေဖြစ်ရသလဲဆိုတဲ့ အကြောင်းတရားကို မှန်မှန်ကန်ကန် ရှာဖွေနိုင်ဖို့ပဲ လိုပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဆေးရုံအုပ်ချုပ်မှုကော်မတီထံ အလှူငွေများလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့နှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ဗိုလ်တောက်ထိန်လမ်းရှိ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်ချုပ်မှု ကော်မတီဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၁၉၆၁ ခုနှစ်မှ စတင်၍ ပျဉ်းမနားမြို့ မြို့မိ မြို့ဖများ ဦးဆောင်ကာ ဂိလာန သံဃာတော်များကို အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးခဲ့ရာမှ ရွှေဖောင်ဒေးရှင်းမိသားစုမှ လှူဒါန်းခဲ့သော ခြောက်ထပ်ဆေးရုံကြီး၌ ယနေ့အချိန်အထိ ရဟန်း၊ ရှင်လူပြည်သူအများကို ကျန်းမာရေး စောင့်ရှောက်မှုများ စဉ်ဆက်မပြတ်ပေးခဲ့နိုင်ခြင်းကို သိရှိရ၍ ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ရှေ့ဆက်ပြီး သံဃာ့ဆေးရုံကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ မြို့မိ မြို့ဖများ၊ အလှူရှင်များ၊ ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့များက ညီညီညွတ်ညွတ်ဖြင့် ဆက်လက်စောင့်ရှောက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပါကြောင်းနှင့် လိုအပ်သည်များကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီး၏ အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူး ဦးအောင်မြင့်ထွန်းက ဆေးရုံကြီးကို ခြောက်ထပ်အဆောက်အအုံဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ၂၅ ခုတင်ဆံ့ ဆေးရုံကြီးအဖြစ် ကျန်းမာရေးဝန်ဆောင်မှုများ ပြုလုပ်ပေးလျက်ရှိပါကြောင်းနှင့် ဆေးကုသမှုခံယူနေသော သံဃာတော်အရှင်သူမြတ်တို့၏ အားထားရာ ဆေးရုံကြီးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ် (ပင်းတယ၊ မီးအိမ်ရှင်) က ၂၀၂၂ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း သံဃာတော် ၅၅၃၄ ပါး၊ သီလရှင် ၁၀၆၀ နှင့် ဆင်းရဲနွမ်းပါးလူနာ ၆၁၃ ဦး စုစုပေါင်း ၇၂၀၇ ပါး/ဦးတို့ကို အခမဲ့ကုသပေးနိုင်ခဲ့ကြောင်း၊ တစ်လလျှင် ပျမ်းမျှ သံဃာ၊ သီလရှင်အပါး ၂၅၀ ခန့်တို့ကို အခမဲ့ကုသပေးလျက်ရှိပါကြောင်းနှင့် လူမျိုးဘာသာမရွေး၊ ရောဂါမရွေး နိုင်ငံတကာအဆင့်မီ ဆေးကုသနည်းစနစ်များဖြင့် ကုန်ကျစရိတ်သက်သာသော ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ရရှိလာသော အလှူငွေများဖြင့် ရဟန်းသံဃာများနှင့် သီလရှင်ဆရာလေးများကို အခမဲ့ဆေးကုသမှုပေးလျက်ရှိကြောင်း တင်ပြသည်။

ယင်းနောက် မြို့မိမြို့ဖ ဦးအောင်ချိုက ပျဉ်းမနားမြို့ သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီး ဖြစ်ပေါ်လာမှု သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး ရပ်ဝေး/ ရပ်နီးမှ ရဟန်းရှင်လူ ပြည်သူများအား ကုန်ကျစရိတ်သက်သာသော ကျန်းမာရေး စောင့်ရှောက်မှုများ စဉ်ဆက်မပြတ် ကုသပေးနိုင်ခဲ့သည့်အတွက် သံဃာ့ဆေးရုံကြီးမှ ဆေးရုံအလုပ်အမှုဆောင်အဖွဲ့အား မြို့မိ မြို့ဖ ကိုယ်စား၊ သံဃာတော် အရှင်သူမြတ်တို့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သံဃဘေသဇ္ဇဋ္ဌာနဝိဟာရ သံဃာ့ဆေးရုံကြီးအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်နှင့် အုပ်ချုပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်မြင့်ထွန်းတို့က လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



**နေပြည်တော် စက်တင်ဘာ ၄**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကို လည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း။

မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန် ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အာဏာသိမ်းမှုလုပ်ရပ်တိုင်းမှာ ပြည်သူတွေက တပ်မတော်ကို အနည်းနဲ့အများ ထောက်ခံကြတဲ့အတွက် တကယ့်အမှန်တရားက ဒီမိုကရေစီရဲ့ ချို့ယွင်းအားနည်းချက်တွေကိုသာ ရှာဖွေပြီး ယထာဘူတကျကျ သုံးသပ်အဖြေရှာကြဖို့ပါပဲ။ ဒီမိုကရေစီစံနှုန်းတွေ ဘယ်လိုကောင်းကောင်း၊ လူတွေရဲ့လောဘ၊ ဒေါသ၊ အတ္တနဲ့ယှဉ်တဲ့ အသိဉာဏ်မရင့်ကျက်မှုမျိုးနဲ့တော့ မလိုက်ဖက်ပါဘူး။

ဒီမိုကရေစီဆိုပေမယ့် နိုင်ငံရေးသမားတွေညံ့ရင် စနစ်လည်းပျက်၊ တိုင်းပြည်လည်း ပျက်တာပါပဲ။ အချိန်တန်ရင် တပ်မတော်ဆိုတဲ့ ခိုင်မာညီညွတ်တဲ့ Institution တစ်ခုသာလျှင် အားကိုးရာဖြစ်ပြီး တိုင်းပြည်ကို ဝင်ထိန်းပေးရတာ ဖြစ်ပါတယ်။ နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ရင် တပ်မတော်က ဝင်ပါရတဲ့ အစဉ်အလာတစ်ခုဟာ အာဖရိကမှာ စတင်နေပြီး ကမ္ဘာ့နေရာအချို့ဆီ သို့တိုင် အစပျိုးနေပြီလား၊ နမူနာယူ သင်ခန်းစာယူစရာတွေ ထင်ထင်ရှားရှား တွေ့နေပါလျက်နဲ့ ရယူနိုင်စွမ်းမရှိကြရင်တော့ ကမ္ဘာကြီးရဲ့ ကံကြမ္မာ အထူးသဖြင့် ဒီမိုကရေစီအယောင်ပြ အာဏာရှင်တွေအတွက်တော့ ယခုလိုမကောင်းတဲ့ ဇာတ်သိမ်းခန်းတွေ ထပ်မံမြင်တွေ့ရနိုင်ပါတယ်။

ဂါဘွန်တပ်မတော်လက်အောက်မှာ အသွင်ကူးပြောင်းရေးကာလတစ်ရပ်ဆိုတာ တိုချင်လည်း တိုနိုင်တယ်၊ ရှည်ချင်လည်း ရှည်သွားနိုင်ပါတယ်၊ ဒါက ဂါဘွန်ပြည်သူတွေရဲ့ ကံကြမ္မာပါပဲ။ ဘယ်အရာမှာမဆို အားနည်းချက်ကနေ အားသာချက်ကို ပြောင်းနိုင်ခြင်းကသာ တိုးတက်ရာ တိုးတက်ကြောင်း အခွင့်အလမ်းကောင်း ဖြစ်မှာပါ၊ အာဖရိကဒေသတွင်း ဖြစ်စဉ်တွေအရ မကောင်းတဲ့ အစိုးရ၊ ညံ့ဖျင်းတဲ့ နိုင်ငံရေးသမားတွေနဲ့ထပ်တူ ဒေသသယံဇာတတွေကို ကုပ်သွေးစုပ်အမြတ်ထုတ်ယူနေတဲ့ ပြည်ပကိုလိုနီလက်သစ်တွေကြောင့် အနာဂတ် ဒီမိုကရေစီစနစ်အပေါ် လူတွေရဲ့အားကိုး ယုံကြည်မှု တဖြည်းဖြည်း လျော့ပါးလာနိုင်စရာသာ ရှိပါကြောင်းနဲ့ လက်ရှိကမ္ဘာ့အခြေအနေ၊ ကမ္ဘာ့အခင်းအကျင်းများအရ မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ ကိုက်ညီတဲ့ နိုင်ငံရေးစနစ်နဲ့အတူ အုပ်ချုပ်တဲ့သူတွေရဲ့ တိုင်းပြည်နဲ့ ပြည်သူအပေါ်ထားတဲ့ စေတနာမေတ္တာနဲ့ ပညာဉာဏ်ပါတဲ့ ဦးဆောင်မှုကသာ အရေးကြီးနေပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

*** ဂါဘွန်နိုင်ငံရေးပြဿနာက တစ်ခုတည်းမကပါဘူး။ ဘွန်ဂါမျိုးဆက်ဟာ အာဏာရှင်ဒီမိုကရေစီအချိုး ချိုးခဲ့တဲ့အပြင် ကင်ဆာသဖွယ်အမြစ်တွယ်နေတဲ့ အဂတိနဲ့ အကျင့်ပျက်ခြစား၊ အာဏာအလွဲသုံးစားမှုများစွာကို ကျူးလွန်ခဲ့ကြပါတယ်။ ရေနံသယံဇာတကြွယ်ဝတဲ့ဂါဘွန်မှာ သမ္မတဘွန်ဂါမိသားစုက ကျိကျိတက် ချမ်းသာကြွယ်ဝနေကြပေမယ့် မညီမျှမှုတွေအကြား ၁၄ နှစ်ကြာ ဆင်းရဲတွင်းနက်နေတဲ့ ပြည်သူတွေရဲ့အနေအထားဟာဖြင့် မဖြစ်သင့်တဲ့ အနေအထားတစ်ခုပါ။ တိုင်းပြည်ရဲ့ သယံဇာတတွေကို ကိုယ့်ပြည်သူတွေအတွက်သုံးတာထက် ပြင်သစ်လိုနိုင်ငံတွေနဲ့ပေါင်းပြီး မောင်ပိုင်စီးနေကြဟန် တူပါတယ်။ တိုင်းပြည်မှာ ပြည်သူက ဆင်းရဲနေတဲ့ကြားထဲ နိုင်ငံရေးသမားတွေကလည်း မညီညွတ်၊ အုပ်ချုပ်သူ လူတန်းစားကလည်း စွမ်းဆောင်ရည်မရှိဆိုတော့... ဒီနိုင်ငံဟာ ဖရိုဖရဲအနေအထားတစ်ခုဆီ ဦးတည်နေတယ်ဆိုတဲ့ ဂါဘွန်တပ်မတော်ရဲ့ စိုးရိမ်သောကကိုသာ ကျွန်တော်တို့အနေနဲ့ အတိုင်းအတာတစ်ခုအထိ နားလည်ပေးလိုက်ရအောင်ပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် အလုပ်သမားစေလွှတ်နိုင်ရေး မြဝတီမြို့နှင့် ကော့သောင်းမြို့သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၄**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌နယ်စပ်ဂိတ်များမှတစ်ဆင့် ထိုင်းနိုင်ငံသို့ MoU U-turn စနစ်ဖြင့် အလုပ်သမားစေလွှတ်နိုင်ရေး အတွက် မြဝတီမြို့နှင့် ကော့သောင်းမြို့သို့ သွားရောက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**သဘောတူစာချုပ် ချုပ်ဆို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံ၌ နေထိုင်လုပ်ကိုင်လျက်ရှိသည့် MoU သက်တမ်းလေးနှစ်ပြည့် အလုပ်သမားများကို ထိုင်းနိုင်ငံသို့ အချိန်တိုအတွင်း ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ် (OWIC) ရိုက်နှိပ်ခြင်းများကို မြဝတီမြို့နှင့် ကော့သောင်းမြို့များတွင် One Stop Service ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံသို့ ရောက်ရှိလုပ်ကိုင်နေသည့် MoU လေးနှစ်ပြည့် အလုပ်သမားများအတွက် အချိန်နှင့် ငွေကုန်ကြေးကျသက်သာစေရေးနှင့် နှစ်နိုင်ငံ MoU U-turn စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်၍ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်အား အောင်မြင်စေရေး စေတနာထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလုပ်သမားများ OWIC လာရောက်ပြုလုပ်ရာတွင် လုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်ပေးရန်နှင့် ငွေစာရင်းပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လွဲမှားမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်း အတွင်းဝန်တို့က ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရန် အချက်များကို မှာကြားပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အရာထမ်းများ လုပ်ငန်းခွင်ဝင် မွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းတာဝန်များ သင်ကြားမည်**

အဆိုပါ သင်တန်းတွင် အရာထမ်းအသစ်များကို On Job Training System ဖြင့် စက်တင်ဘာ ၄ ရက်မှ ၁၈ ရက်အထိဖြစ်ပြီး သင်တန်းကာလ ၁၂ ရက်အတွင်း နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ၊ ငွေစာရင်းဘာသာရပ်များ၊ ဦးစီးဌာနများ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများအပြင် အလုပ်သမားဥပဒေ စစ်ဆေးရေးအရာရှိများ၊ အလုပ်ရုံ စစ်ဆေးရေးအရာရှိများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ကျင့်ဝတ်များနှင့်ပတ်သက်ပြီး သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ်(Youth Week) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ လူငယ်သီတင်းပတ် (Youth Week) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ Naypyitaw State Academy တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အသစ်ချမှတ်ထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉) ရပ်၏ လူမှုရေးဦးတည်ချက် (ဂ) တွင် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဟူသော ဦးတည်ချက်ပါဝင်ပါကြောင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များသည် အဓိကစွမ်းအားစုအဖြစ် အရေးပါသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်းကို တက္ကသိုလ် ကျောင်းသား ကျောင်းသူ၊ လူငယ်များ သတိပြုမိစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ စက်တင်ဘာ ၈ ရက်အထိ လူငယ်သီတင်းပတ် (Youth Week)အဖြစ် သတ်မှတ်ပြီး ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်ကျောင်း ၅၀ နှင့် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းတွင် ဗလငါးတန် တစ်ခုချင်းကို ဖော်ကျူးသည့် လူငယ်လှုပ်ရှားမှုများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပပေးလျက်ရှိပါကြောင်း။




**ဗလငါးတန်ဖွံ့ဖြိုးရေး**

ယနေ့လူငယ်များသည် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အင်မတန်အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် အစစ်အမှန်များပင်ဖြစ်ပါကြောင်း၊ အဆိုပါ လူ့စွမ်းအားအရင်းအမြစ်များ ဗလငါးတန်နှင့်ပြည့်စုံရေးသည် အင်မတန်အရေးကြီးသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ ဗလငါးတန်ဆိုသည်မှာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့ဖြစ်ပါကြောင်း၊ "ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ် (Youth Week)" အစီအစဉ်တွင် တက္ကသိုလ် ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းပြီး လှုပ်ရှားမှုအမျိုးမျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း။

**သရုပ်ပြကွက်များ ပြသ**

ကာယဗလ၏ အရေးပါမှုကို မီးမောင်းထိုးပြသည့်အနေဖြင့် ဝူရှူး၊ ခြင်းလုံး၊ Fitness Dance၊ လှယဉ်ကျေးမယ် စသည့်အားကစားနှင့် ကာယအလှပြ၊ သရုပ်ပြကွက်များကို ပြသမည်ဖြစ်ပါကြောင်း၊ ဉာဏဗလအတွက် လူငယ်စကားဝိုင်းများ ကျင်းပခြင်း၊ အသိပညာဗဟုသုတမျှဝေရေး Project Presentation များပြုလုပ်ခြင်း၊ လူငယ်များ၏ Talent and Art Show များ ကျင်းပခြင်း၊ စာရိတ္တဗလအတွက် လူငယ်နှင့်လောကနီတိ ဟောပြောပွဲများ ကျင်းပခြင်း၊ မိတ္တဗလအတွက် လူငယ်တွေ့ဆုံပွဲများ၊ မောင်နှမဆောင် Hostel Dinner ကျင်းပခြင်း၊ သီချင်းဆိုခြင်း၊ Fun Fair၊ Farewell၊ ဈေးရောင်းပွဲများ ကျင်းပခြင်း၊ ဘောဂဗလအတွက် အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များက ဟောပြောခြင်း၊ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲများ၊ စကားပြောပြိုင်ပွဲများ ကျင်းပခြင်း အစရှိသည့် လှုပ်ရှားမှုများကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယနေ့မှစပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်သည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်သီတင်းပတ် (Youth Week) အစီအစဉ်တွင် အနာဂတ်မျိုးဆက်သစ် တက္ကသိုလ်ကျောင်းသား လူငယ်များ တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် အနာဂတ်မြန်မာနိုင်ငံတော်တွင် အားကိုးအားထားပြုနိုင်သည့် အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသည့် မျိုးဆက်သစ် လူငယ်များ၊ မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ အများအပြား ပေါ်ထွက်လာနိုင်စေရန်ဆန္ဒပြုပါကြောင်း ပြောကြားသည်။

**သီချင်းဖြင့် သီဆိုဖျော်ဖြေ**

ထို့နောက် Naypyitaw State Academy ကျောင်းသား ကျောင်းသူများက "Naypyitaw State Academy" Group Song သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် Naypyitaw State Academy ကျောင်းသူလေးများက "ယဉ်တစ်ကိုယ်မယ်" သီချင်းဖြင့် အဖွဲ့လိုက်နှင့် တစ်ဦးချင်းအလိုက် သရုပ်ပြဖျော်ဖြေကြသည်။ ထို့နောက် ကျောင်းသူတစ်ဦးက တစ်ပင်တိုင်အကအလှဖြင့် ကပြဖျော်ဖြေသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ငူတက္ကသိုလ်၌ လူငယ်သီတင်းပတ် အခမ်းအနားကျင်းပ

**တောင်ငူ စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ်၌ လူငယ်သီတင်းပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွှန့်က အခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမ ရှေ့မျက်နှာစာ၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဈေးရောင်းပွဲတော်ကို ကြည့်ရှုသည်။ ဆက်လက်၍ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ခန်းမ၌ အမှာစကား ပြောကြားပြီး လူငယ်သီတင်းပတ် အခမ်းအနားကျင်းပရာ တောင်ငူတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ပဒေသာကပွဲ၊ ဆံကေသာအလှပြပွဲ၊ အမျိုးသမီးဖက်ရှင်ပြပွဲနှင့် ရိုးရာခြင်းအလှခတ်ခြင်းတို့ဖြင့် ဖျော်ဖြေကြပြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လူငယ်သီတင်းပတ်အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကာယအလှမယ်ပြပွဲ၊ ဆံကေသာအလှပြပွဲ၊ ပဒေသာကပွဲ၊ အမျိုးသားဖက်ရှင်ပြပွဲ၊ ခြင်းအလှခတ်ပြပွဲ၊ တိုက်ကွမ်ဒိုစွမ်းရည်ပြပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဘာသာရပ်အချင်းချင်း Student Exchange လေ့လာရေးသွားလာခြင်း၊ စာတမ်းဖတ်ပွဲနှင့် ကျောင်းသား ကျောင်းသူများ မိတ်ဆုံညစာ စားပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး တရုတ်ဝန်ကြီးချုပ် လီချန်း တက်ရောက်မည်



နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မောင်းနင်း။

**ပေကျင်း စက်တင်ဘာ ၄**

တရုတ်ဝန်ကြီးချုပ် လီချန်းသည် ဂျီ - ၂၀ ထိပ်သီး အစည်းအဝေးတက်ရောက်ရန်အတွက် ယခု သီတင်းပတ်နှောင်းပိုင်းတွင် အိန္ဒိယနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ကြောင့် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ပထမဆုံးအကြိမ်အဖြစ် အဆိုပါ ထိပ်သီးအစည်း အဝေးသို့ တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။ စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ ဝန်ကြီးချုပ် လီချန်း တက်ရောက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မောင်းနင်းက သတင်းထောက်များကို စက်တင်ဘာ ၄ ရက်တွင် ပြောကြားလိုက်သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသည် သာယာ ဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်နိုင် မည်ဟု တရုတ်နိုင်ငံအနေဖြင့် မျှော်လင့်ကြောင်း ၎င်းက ပြောသည်။ တရုတ်သမ္မတ ရှီကျင့်ဖျင် အနေဖြင့် ထိပ်သီးအစည်းအဝေးတက်ရောက်ခြင်း ရှိ မရှိကို သတင်းထောက်များက မေးမြန်းရာတွင် မောင်းနင်းက တရုတ်နိုင်ငံအနေဖြင့် ဂျီ - ၂၀ တွင် တရုတ်နိုင်ငံက အမြဲတမ်းအရေးပါသည့် နေရာတွင်ရှိပြီး ဆက်စပ်အစည်းအဝေးများတွင် လည်း တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ ကြောင်းသာ ပြန်လည်ဖြေကြားခဲ့သည်။

ထို့အပြင် ဝန်ကြီးချုပ် လီချန်းတက်ရောက်ခြင်း သည် ဂျီ - ၂၀ ၏ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုကို အားကောင်းစေမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## စပေ့အိတ်စ် ခရူး-၆ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

**လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၄**

စပေ့အိတ်စ် ခရူး-၆ အာကာသယာဉ်မှူးများသည် အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း ဖလော်ရီဒါ ပြည်နယ် ကမ်းလွန်သို့ စပေ့အိတ်စ်ဒရက်ဂွန် အာကာသယာဉ်ဖြင့် စက်တင်ဘာ ၄ ရက် အစောပိုင်းက ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင် ခဲ့ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ) က ပြော သည်။

နာဆာမှ အာကာသယာဉ်မှူး စတီဖန်ဘိုဝင်နှင့် ဝူဒီဟိုးဘတ်ဂ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု မှ အာကာသယာဉ်မှူး ဆူလ်တန်အယ်နီယာဒီနှင့် ရုရှားနိုင်ငံ အာကာသကော်ပိုရေးရှင်းမှ အာကာသ ယာဉ်မှူး အန်ဒရေးဖက်ယက်ဗ်တို့ဖြင့် ဖွဲ့စည်းထား သော အဖွဲ့ဝင်လေးဦးပါ နိုင်ငံတကာ အာကာသ ယာဉ်မှူးများသည် ဖလော်ရီဒါပြည်နယ် ကမ်းလွန် သို့ စက်တင်ဘာ ၄ ရက်က ဒေသစံတော်ချိန် နံနက် ၀၀ နာရီ ၁၇ မိနစ်တွင် လေထီးအကူအညီဖြင့် ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်သည် စက်တင်ဘာ ၃ ရက်က နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ် အက်စ်) မှ ဒေသစံတော်ချိန် နံနက် ၇ နာရီ ၀၅ မိနစ်တွင် ခွဲထွက်ခဲ့သည်။ အဆိုပါ မစ်ရှင်ကို ဖလော်ရီဒါရှိ နာဆာ၏ ကနေဒီအာကာသစင်တာမှ မတ်လ ၂ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး နောက် ရက်တွင် အိုင်အက်စ်အက်စ်နှင့် ချိတ်ဆက်နိုင်ခဲ့ သည်။

ထိုအာကာသယာဉ်မှူးများသည် အိုင်အက်စ် အက်စ်တွင် ခြောက်လကြာနေထိုင်ခဲ့ပြီး လုပ်ငန်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ အဆိုပါကာလ အတွင်း အာကာသယာဉ်မှူးများသည် အပင်မျိုးရိုး ဗီဇအပါအဝင် ရာနှင့်ချီသော လက်တွေ့စမ်းသပ်မှု များနှင့် နည်းပညာသရုပ်ပြမှုများကို ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**ဆင်ဟွာ**



## ယခုနှစ်အတွင်းပြည်ပထွက်အလုပ်လုပ်သည့် သီရိလင်္ကာနိုင်ငံသား နှစ်သိန်းကျော်ရှိ

**ကိုလံဘို စက်တင်ဘာ ၄**

သီရိလင်္ကာနိုင်ငံခြားရေး အလုပ် အကိုင်ဗျူရို စာရင်းဇယားများ အရ ယခုနှစ်အတွင်း သီရိလင်္ကာ နိုင်ငံသား နှစ်သိန်းကျော်သည် ပြည်ပသို့ အလုပ်လုပ်ကိုင်ရန် အတွက် သွားရောက်ခဲ့ကြောင်း ဝန်ကြီးတစ်ဦးက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

၂၀၂၂ ခုနှစ်တွင် သီရိလင်္ကာ နိုင်ငံသား ၃၁၁၀၀၀ ခန့် နိုင်ငံခြားသို့ အလုပ်လုပ်ကိုင်ရန် ထွက်ခွာ ခဲ့ပြီး ယခုနှစ်တွင်လည်း အလားတူ လူအများအပြား သီရိလင်္ကာမှ ထွက်ခွာမည်ဟု ခန့်မှန်းထား ကြောင်း အလုပ်သမားနှင့် နိုင်ငံခြား အလုပ်အကိုင်ဝန်ကြီး မနူရှာ နာနာရက်ကာရာ က ပြောသည်။

သီရိလင်္ကာ အလုပ်သမား များက ၂၀၂၃ ခုနှစ် ပထမနှစ်ဝက် အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံကျော် ပေးပို့ခဲ့ ကြောင်း ၎င်းက ပြောသည်။

ပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်နေသည့် အလုပ်သမား များ၏ ငွေလွှဲခြင်းများသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားငွေ ရရှိမှု အဓိကသော့ချက်တစ်ခု ဖြစ်ပြီး ကုန်သွယ်မှုလိုငွေပြမှုကို တိုက်ဖျက်ကာ နိုင်ငံ၏ ပြင်ပ စီးပွားရေးဆိုင်ရာ သက်ရောက်မှု များ၏ ခံနိုင်ရည်အားကို မြှင့်တင် ပေးလျက်ရှိသည်။

**ဆင်ဟွာ**



## ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်သို့ ရှစ်လအတွင်း ခရီးသွား ငါးသိန်းနီးပါး ဝင်ရောက်

**ဖနောင်ပင် စက်တင်ဘာ ၄**

ကမ္ဘောဒီးယားနိုင်ငံ၏ ကျော်ကြား သော အန်ကောဝပ် ရှေးဟောင်း အမွေအနှစ်ဥယျာဉ်သို့ ၂၀၂၃ ခုနှစ် ပထမ ရှစ်လအတွင်း နိုင်ငံခြား ခရီးသွား ငါးသိန်းနီးပါး ဝင်ရောက် ခဲ့ကြောင်း နိုင်ငံပိုင် အန်ကော လုပ်ငန်းက စက်တင်ဘာ ၄ ရက် တွင် ထုတ်ပြန်သည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ် လအတွင်း အန်ကောဝပ်သို့ နိုင်ငံ တကာ ခရီးသွား ၄၉၈၅၁၃ ဦး လာရောက်ခဲ့သဖြင့် ယမန်နှစ် ကာလတူက ဝင်ရောက်ခဲ့သည့် ခရီးသွား ၁၁၀၅၇၀ နှင့် နှိုင်းယှဉ် ပါက ၃၅၀ ဒသမ ၈ ရာခိုင်နှုန်း အထိ သိသိသာသာ တိုးတက်လာ ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါရှေးဟောင်းယဉ်ကျေး မှု အမွေအနှစ်ဥယျာဉ်သည် ရှစ်လ တာ ကာလအတွင်း လက်မှတ် ရောင်းရငွေမှ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၀၉ သန်းရရှိခဲ့သဖြင့် ယခင်နှစ်ဝင်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၄၄ သန်းမှ ၄၂၀ ရာခိုင်နှုန်း တိုးလာခဲ့သည်။ အမွေအနှစ် ဥယျာဉ်သို့ ဩဂုတ်လအတွင်း နိုင်ငံခြားသား ၅၉၁၄၈ ဦး ဝင် ရောက်ခဲ့ပြီး လက်မှတ်ရောင်းချ မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၇၇ သန်း ရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## နှစ်စဉ် စွန့်ပစ်ပလတ်စတစ် တန်ချိန် ၂၀၀၀၀ ကို လောင်စာဆီအဖြစ် ပြန်လည်အသုံးပြုနိုင်ရန် ဂျပန်ကုမ္ပဏီလုပ်ဆောင်

**တိုကျို စက်တင်ဘာ ၄**

ဂျပန်ဓာတုဗေဒ ကုမ္ပဏီကြီးတစ်ခုသည် ၎င်း၏ လောင်စာဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရန် အတွက် ရေနံစိမ်းအခြေခံပစ္စည်းအစား စွန့်ပစ် ပလတ်စတစ်ကို ကုန်ကြမ်းအဖြစ်အသုံးပြုရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။

မစ်ဆူဘီရှိဓာတုကုမ္ပဏီသည် တိုကျိုမြို့ မြောက်ဘက် အီဘာရာကီဒေသတွင် ကာဗွန် ထုတ်လွှတ်မှု လျှော့ချရေးကဏ္ဍကို မြှင့်တင်ရန် အတွက် မတ်လကုန်မှစ၍ စက်ရုံတည်ဆောက်ရန် စီစဉ်လျက်ရှိသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး စီမံကိန်းတစ်ခုအနေဖြင့် မစ်ဆူဘီရှိကုမ္ပဏီသည် နှစ်စဉ်စွန့်ပစ်ပလတ်စတစ် တန်ချိန် ၂၀၀၀၀ ကို လောင်စာဆီအဖြစ် ပြန်လည်အသုံးပြုနိုင်ရန် လောင်စာဆီ လက်ကားရောင်းချသူ အန်နီယိုစ် ကုမ္ပဏီများအုပ်စုနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

အီဘာရာကီရှိ မစ်ဆူဘီရှိဓာတုကုမ္ပဏီ အရာရှိ ကာတိုဟီရိုးက စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု သည် ငွေကုန်ကြေးကျ များပြားမည်ဖြစ်သော်လည်း ကုမ္ပဏီအနေဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များကိုသာ ပေးစွမ်းနိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းကုမ္ပဏီ၏ ပြိုင်ဘက်များဖြစ်သည့် ဆူမီ တိုမို ဓာတုကုမ္ပဏီ၊ မစ်ဆူရီဓာတုကုမ္ပဏီနှင့် မာရူဇန် ရေနံဓာတုကုမ္ပဏီများကလည်း ကာဗွန် ဒိုင် အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု တားဆီး ရေး ခြေလှမ်းသစ်များကို စဉ်းစားလုပ်ဆောင်လျက် ရှိသည်။

**အင်အန်အိတ်ကေ**

# မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိ

မောင်တော စက်တင်ဘာ ၄

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လ လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၃၀ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၃၀ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်ဒေါ်လာ ၂ ဒသမ ၀၆၃ သန်းဖြစ်ကာ စုစုပေါင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂ ဒသမ ၀၆၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၁၃၄ ဒသမ ၈၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့ လျက်ရှိသည်။ ၂၀၂၃ ခုနှစ် ဩဂုတ် ၁ မှ ၈ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို) ၁၄၃၂ ဒသမ ၅ တန်၊ တညင်းသီး ၁၃၈ ဒသမ ၅ တန်၊ နနွင်းတက် ၅ တန်၊ ကွမ်းသီး ၈၄ ဒသမ ၂ တန်၊ ထန်းလျက် ၉ ဒသမ ၈ တန်၊ ငါးမြစ်ချင်း ၇၆၇ ဒသမ ၆၆ တန်၊ ငါးနီတူခြောက် ၈ တန်၊ ငါးကုန်းညှိခြောက် ၁၅ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် တန် ၁၃၀၊ ငါးခေါင်းပွ ၃၂ ဒသမ ၄၈ တန်၊ ဆီးယိုထုပ် ၂၈ ဒသမ ၅ တန်၊ ဆန်ကြာဆံ တစ်တန်၊ ထွန်းရွှေဝါ လိမ်းဆေး ၇ ဒသမ ၅ တန်၊ သနပ်ခါးခဲ ၁၀ ဒသမ ၅ တန်၊ မုန့်ဖတ်ခြောက် ၃ ဒသမ ၅ တန်နှင့် အမျိုးသမီးဝတ်အင်္ကျီ ၀ ဒသမ ၁ တန် တင်ပို့နိုင်ခဲ့သည်။

စက်တင်ဘာ ၄ ရက်တွင် မောင်တောမြို့တွင်ဖြစ်ပေါ်နေသော အခြေခံစားကုန်ဈေးနှုန်းများမှာ ပေါ်ဆန်းမွှေး တစ်အိတ် ငွေကျပ် ၁၁၅၀၀၀၊ ဧည့်မထ တစ်အိတ် ငွေကျပ် ၇၈၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၈၅၀၀၊ ရေတ်သီးခြောက် တစ်ပိဿာ ငွေကျပ် ၁၈၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၀၀၊ စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၂၀၀၀ ဖြစ်သည်။

တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေခံစားကုန်ဈေးနှုန်းများမှာ ဆန် (အဖြူ) တစ်ကီလို ၇၅ ဒသမ ၀၀ တာကာ၊ ကြက်သွန်နီ တစ်ကီလို ၇၅ ဒသမ ၀၀ တာကာ၊ အာလူးတစ်ကီလို ၄၅ ဒသမ ၀၀ တာကာ၊ ခရမ်းချဉ်သီး တစ်ကီလို ၁၅၀ ဒသမ ၀၀ တာကာ၊ ကြက်သား တစ်ကီလို ၂၉၀ ဒသမ ၀၀ တာကာ၊ ကြက်ဥတစ်ဒါဇင် ၁၅၅ ဒသမ ၀၀ တာကာ ဈေးရှိကြောင်း သိရသည်။

စက်တင်ဘာ ၄ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ငွေကျပ် ၃၀၂၀၊ ၁၁၈ ဒသမ ၂၀ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ တာကာ၊ ၁ တာကာလျှင် ငွေကျပ် ၃၀ ဒသမ ၂၀ ဖြစ်ပေါ်လျက်ရှိသည်။

## ရွှေဘိုခရိုင်အတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှု

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဩဂုတ် (နောက်ဆုံးပတ်)တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှု အနေဖြင့် ဩဂုတ်လ စတုတ္ထပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၅၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၇၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၅၇၀၀၀၊ တန်အားဖြင့် ၂၈၅၀ တန် စီးထွက်ခဲ့ကြောင်း၊ ဩဂုတ်လ နောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၂၄၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၃၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀ စုစုပေါင်း အိတ်ရေ ၄၆၀၀၀၊ တန်အားဖြင့် တန် ၂၃၀၀ စီးထွက်ခဲ့ကြောင်း သိရသည်။

ဩဂုတ်လ နောက်ဆုံးပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၈၀၀၀ နှင့် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

## မုံရွာမြို့နယ်၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း အခြေခံစားကုန် စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သည့် ကြက်သွန်နီဈေးနှုန်းများမှာ ယခုအချိန်တွင် ပွဲရုံလက်ကားဈေး ကြက်သွန်နီ (ကြီး) တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ ကြက်သွန်နီ (လတ်) တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၊ ကြက်သွန်နီ(သေး) တစ်ပိဿာ လျှင် ငွေကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး ကြက်သွန်နီ(ကြီး) တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ကြက်သွန်နီ(လတ်) တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀၊ ကြက်သွန်နီ(သေး) တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီကို မုံရွာမြို့နယ်အတွင်းရှိ ကျွဲရဲ၊ မြေနဲ၊ ရွာတုံ၊ တောင်ပလူ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပြီး မုံရွာမြို့နယ်အနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှစိုက်ဧက ၁၂၀၀၀ ခန့် စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိသော ကြက်သွန်နီများကို မုံရွာမြို့ပွဲရုံများအပြင် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ **DOCA (စစ်ကိုင်း)**

### ၄ - ၉ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၄၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၇၀၀ | | ၁၆၀၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၄၃၀၀ | ၁၁၅၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၅၀၀ | ၃၃၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၅၀၀ | ၃၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၈၃၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၁၅၆၀၀ | ၈၃၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၉၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၄၁၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၆၀၀ | ၇၆၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၄၁၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၁၀၀ | | ၁၅၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၈၀၀၀ | ၈၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၈၀၀ | ၈၀၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၆၂၀၀ | | ၁၄၅၀၀ | ၄၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၈၅၀၀ | ၉၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၇၆၀၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၈၀၀ | ၉၃၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀ | ၈၅၀၀ | ၇၈၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၆၈၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၆၅၀ | | ၁၄၀၀၀ | ၄၆၀၀ | ၂၅၀၀၀ | ၃၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၅၀ | | ၁၆၀၀၀ | ၄၄၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၅၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၈၄၀၀ | ၈၇၀၀ | ၅၁၀၀ | ၅၆၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၆၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၈၄၀၀ | ၈၇၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၇၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၅၂၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၂၁၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ငွေကျပ် ၃၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၁၀၀၊ ပဲဆီတစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ ရေတ်ခြောက်တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၂၀၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် မြစ်ကြီးနား၊ ကျိုင်းတုံနှင့် လွိုင်ကော်တွင် ငွေကျပ် ၃၀၀၊ မကွေးတွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ ကျိုင်းတုံ၊ မကွေးနှင့် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ နနွင်းတက်တစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၃၀၀၊ ချင်းတစ်ပိဿာလျှင် ကျိုင်းတုံနှင့် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ပျဉ်းမနားတွင် ငွေကျပ် ၆၀၀၊ နေပြည်တော်တွင် ငွေကျပ် ၈၀၀၊ မြေပဲဆန် တစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ သကြားတစ်ပိဿာလျှင် ဘားအံတွင် ငွေကျပ် ၁၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၂၀၀၊ ထားဝယ်နှင့် ပြည်တွင် ငွေကျပ် ၃၀၀၊ ကြက်သားတစ်ပိဿာလျှင် လွိုင်ကော်နှင့် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် လားရှိုးနှင့် လွိုင်ကော်တွင် ငွေကျပ် ၁၀၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်တစ်ပြည်လျှင် ပဲခူးတွင် ငွေကျပ် ၁၀၀၊ ပဲဆီတစ်ပိဿာလျှင် ပျဉ်းမနားတွင် ငွေကျပ် ၁၅၀၀၊ နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၅၀၀၊ လားရှိုးတွင် ငွေကျပ် ၂၀၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၂၀၀၊ ထားဝယ်တွင် ငွေကျပ် ၁၀၀၀၊ ရန်ကုန်နှင့် စစ်တွေတွင် ငွေကျပ် ၅၀၀၊ မန္တလေးတွင် ငွေကျပ် ၄၀၀၊ ပခုက္ကူတွင် ငွေကျပ် ၃၀၀၀၊ မကွေးတွင် ငွေကျပ် ၁၂၀၀၊ ရေတ်ခြောက်တစ်ပိဿာလျှင် တောင်ကြီးနှင့် မြိတ်တွင် ငွေကျပ် ၁၀၀၀၊ လွိုင်ကော်တွင် ငွေကျပ် ၅၀၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံနှင့် ပဲခူးတွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ်၂၀၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံနှင့် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ ဆားတစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၂၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၁၀၀၀၊ ကုလားပဲဝါတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ စစ်တွေတွင် ငွေကျပ် ၃၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် လွိုင်ကော်နှင့် ပဲခူးတွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ အာလူးတစ်ပိဿာလျှင် တောင်ကြီးနှင့် စစ်တွေတွင် ငွေကျပ် ၂၀၀၊ လွိုင်ကော်နှင့် ထားဝယ်တွင် ငွေကျပ် ၅၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၁၀၀၀၊ ပုသိမ်တွင် ငွေကျပ် ၄၀၀၊ ပဲခူးတွင် ငွေကျပ် ၃၀၀၊ သကြားတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၂၀၀၊ ကြက်သားတစ်ပိဿာလျှင် ပဲခူးတွင် ငွေကျပ် ၁၀၀၀၊ ဝက်သားနှင့် ဆိတ်သားတစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၂၀၀၀၊ မြိတ်တွင် ငွေကျပ် ၄၀၀၀၊ အမဲသားတစ်ပိဿာလျှင် လွိုင်ကော်တွင် ငွေကျပ် ၃၀၀၀၊ မြိတ်တွင် ငွေကျပ် ၄၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ဖူကူရှီးမား စွန့်ပစ်ရေနှင့် နောက်ဆက်တွဲအကျိုးဆက်များ

တက္ကသိုလ်မောင်ရှုပ

*(ယမန်နေ့မှအဆက်)*

ဂျပန်အစိုးရရဲ့ အစီအစဉ်ဟာ ပြည်ပမှာသာမက ပြည်တွင်းမှာလည်း ကန့်ကွက်မှုတွေ ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် ဖူကူရှီးမားဒေသမှာရှိတဲ့ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေအနေနဲ့ သူတို့ဒေသရဲ့ ရေထွက်ကုန်တွေရဲ့ နာမည်ကျော်ကြားမှုတွေအပေါ် ထိခိုက်မှုရှိလာမှာကို စိုးရိမ်မှုတွေ ရှိနေကြပါတယ်။ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါအနေနဲ့ ပြန်လည်သန့်စင်ပြီးရေတွေ စတင်မစွန့်ပစ်မီ ရက်ပိုင်းအလို ဩဂုတ်လ ၂၁ ရက်နေ့က ဂျပန်နိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Masanobu Sakamoto နဲ့ သွားရောက်တွေ့ဆုံရှင်းလင်းပြောကြားခဲ့ပြီး ရေလုပ်ငန်းရှင်တွေရဲ့ နားလည်မှုကိုရယူဖို့ ကြိုးစားခဲ့ပါတယ်။ ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါကိုယ်တိုင်လည်း ဖူကူရှီးမားဒေသက ပင်လယ်ရေထွက်ကုန်တွေဟာ လူတွေစားသောက်ဖို့ လုံခြုံစိတ်ချရမှုရှိတယ်ဆိုတာပြနိုင်ဖို့ ဩဂုတ်လ ၃၀ ရက်နေ့က ဝန်ကြီးချုပ်ရုံးမှာ ဖူကူရှီးမားဒေသက ပင်လယ်ရေထွက် အစားအစာတွေနဲ့ နေ့လယ်စာ စားပြခဲ့ပါတယ်။

သို့သော်လည်း ၂၀၁၁ ခုနှစ် ဖူကူရှီးမား အဏုမြူဓာတ်အားပေးစက်ရုံ ထိခိုက်ပျက်စီးခဲ့ပြီး ရေဒီယိုသတ္တိကြွပစ္စည်းတွေ ပင်လယ်ထဲစီးဝင်မှု ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း နိုင်ငံပေါင်း ၅၅ နိုင်ငံဟာ ဂျပန်နိုင်ငံက စားသောက်ကုန်နဲ့ ရေထွက်ပစ္စည်းတင်သွင်းမှုကို ပိတ်ပင်ခဲ့တဲ့အတွက် ငါးလုပ်ငန်းကဏ္ဍဟာ အထိနာခဲ့ပါတယ်။ အဲဒီလို ကန့်သတ်ပိတ်ပင်ထားတာတွေကို အခုအချိန်မှာ နိုင်ငံအတော်များများက ပြန်လည်ရုပ်သိမ်းပေးထားချိန်မှာမှ စွန့်ပစ်ရေကိစ္စနဲ့ပတ်သက်ပြီး ပြန်လည်ပိတ်ပင်ခံရမယ့်အရေးကို ဂျပန်ရေထွက်ပစ္စည်း လုပ်ငန်းရှင်တွေအနေနဲ့ အထူးစိုးရိမ်ပူပန်လျက်ရှိနေတာဖြစ်ပါတယ်။

## သုံးသပ်ချက်

အထက်မှာဖော်ပြခဲ့သလို သဘာဝဘေးအန္တရာယ်ကြောင့် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို ထိခိုက်ပျက်စီးခဲ့ရတာဟာ ဂျပန်နိုင်ငံအတွက် ကံမကောင်း အကြောင်းမလှတဲ့ ဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ် ယခင်ဆိုဗီယက်ပြည်ထောင်စု ချာနိုဘိုင်းလ် အဏုမြူဓာတ်ပေါင်းဖို မတော်တဆမှုဖြစ်စဉ်ပြီးရင် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို ထိခိုက်ပျက်စီးမှုဖြစ်စဉ်ဟာ သမိုင်းမှာ အဆိုးရွားဆုံးဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။ ဒီသဘာဝဘေးကြောင့် ဖူကူရှီးမားဒေသတွင်းမှာသာ မကဘဲ ကျန်ပတ်ဝန်းကျင်ဒေသတွေ ဖြစ်တဲ့ အီဝါတေး (Iwate)၊ မီယာဂီ (Miyagi) ပြည်နယ်တွေကိုလည်း ထိခိုက်ခဲ့ပါတယ်။ တိုဟိုကုဒေသ (Tohoku region) တွင်းမှာရှိတဲ့ လူပေါင်း ၁၉၈၂၄ ဦး အသက်ဆုံးရှုံးခဲ့ရသလို လူ ၁၀ သန်းကျော်ကို ဘေးလွတ်ရာဒေသတွေကို ရွှေ့ပြောင်းပေးခဲ့ရပါတယ်။ ဒီဒေသရဲ့ စတုရန်းကီလိုမီတာ ၁၇၀၀ ကျော် မြေနေရာတွေဟာ အဏုမြူဓာတ်ရောင်ခြည်ပစ္စည်းတွေ သက်ရောက်မှုရှိခဲ့ပါတယ်။ ဒေသတွင်းမှာရှိတဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ လယ်ယာစိုက်ပျိုးရေးနဲ့ ငါးဖမ်းလုပ်ငန်း စတဲ့စီးပွားရေးလုပ်ငန်းတွေအပေါ် ဆိုးကျိုးသက်ရောက်မှုတွေ ဖြစ်စေခဲ့သလို ရေဒီယိုသတ္တိကြွရေတွေကို ပြန်လည်သန့်စင်ရတဲ့ လုပ်ငန်းတွေ၊ သိုလှောင်ထိန်းသိမ်းထားရတဲ့လုပ်ငန်းတွေအတွက်လည်း ငွေကြေးအမြောက်အမြားကျခံသုံးစွဲခဲ့ရပါတယ်။ သတင်းဌာနတွေရဲ့ ထုတ်ပြန်ချက်တွေအရဆိုရင် ဖူကူရှီးမား အဏုမြူမတော်တဆမှုနဲ့ ပတ်သက်ပြီး ဂျပန်အစိုးရဟာ ဒေါ်လာ ၃၀၀ ဘီလီယံ ကျခံသုံးစွဲခဲ့ရတယ်လို့ သိရပါတယ်။ တချို့သောကုန်ကျစရိတ်တွေကို ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ တိုကျိုလျှပ်စစ်ဓာတ်အား ကုမ္ပဏီ (TEPCO) ကလည်း ကျခံခဲ့ရပါတယ်။

အထူးသဖြင့်အဏုမြူဓာတ်သတ္တိကြွမြေယာတွေကို ပြန်လည်သန့်စင်ရှင်းလင်းရေးလုပ်ရတဲ့ လုပ်ငန်းတွေ၊ အဏုမြူ ဓာတ်သတ္တိကြွရေတွေကို ပြန်လည်သန့်စင်ရေး လုပ်ငန်းတွေနဲ့ သိုလှောင်ထိန်းသိမ်းထားရတဲ့ ကုန်ကျစရိတ်တွေ အများအပြားရှိခဲ့ပါတယ်။ အခုအချိန်မှာ ပြည့်ပြင်ပြီး ရေတွေ သိုလှောင်ထားနိုင်တဲ့ပမာဏ ကျော်လွန်ရောက်ရှိတော့မှာဖြစ်သလို မြေငလျင်လို သဘာဝဘေးအန္တရာယ် တစ်ခုခုများ ထပ်ပြီးဖြစ်လာခဲ့ရင် သန့်စင်ပြီးသားရေတွေ ပင်လယ်ပြင်ထဲ အထိန်းအကွပ်မဲ့ စီးဆင်းသွားနိုင်တဲ့ အန္တရာယ်ကိုလည်း ဂျပန်အစိုးရဟာ အထူးစိုးရိမ်နေပါတယ်။ ဒါကြောင့်မို့ ဂျပန်နိုင်ငံအတွက် အခြား ရွေးချယ်ဖို့နည်းလမ်းမရှိဘဲ ပစိဖိတ်သမုဒ္ဒရာအတွင်း ပြန်လည်စွန့်ပစ်ဖို့သာ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ မစွန့်ပစ်မီမှာလည်း ဂျပန်အစိုးရဟာ ပြန်လည်စွန့်ပစ်မယ့်ရေတွေဟာ လူသားတွေရဲ့ ကျန်းမာရေးအတွက်ရော သဘာဝပတ်ဝန်းကျင်အပေါ်မှာပါ သက်ရောက်မှုမရှိနိုင်ဘူးလို့ သိပ္ပံနည်းကျတွက်ချက်မှုတွေ ပြုလုပ်ခဲ့ပြီး ရလဒ်တွေကိုလည်း နိုင်ငံတကာကို သံတမန်နည်းလမ်းတွေကတစ်ဆင့် အဆက်မပြတ်အသိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။



ဖူကူရှီးမားဒေသမှထွက်ရှိသည့် ပင်လယ်ရေထွက်ကုန် အစားအစာများသည် အန္တရာယ်ကင်းရှင်းကြောင်းပြသနိုင်ရန် ဝန်ကြီးချုပ် ကီရှီဒါက နေ့လယ်စာ သုံးဆောင်ပြနေစဉ်။

ဂျပန်ရဲ့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံကတော့ သူတို့ရဲ့စိုးရိမ်ပူပန်မှုတွေကို ပွင့်ပွင့်လင်းလင်းပဲ ထုတ်ဖော်ပြောကြားခဲ့တာကို တွေ့နိုင်ပါတယ်။ ရေဒီယိုသတ္တိကြွပြီး ပြန်လည်သန့်စင်ထားတဲ့ ရေတွေကို ပင်လယ်ပြင်အတွင်း စွန့်ပစ်တာဟာ နောင်မှာ အစဉ်အလာတစ်ခုဖြစ်သွားမှာကို အလေးထားထောက်ပြခဲ့ပါတယ်။ တစ်ချိန်တည်းမှာ ဂျပန်နိုင်ငံကနေ အများအပြားတင်သွင်းနေတဲ့ ပင်လယ်ရေထွက်စားသောက်ကုန် ပစ္စည်းတွေကြောင့် တရုတ်နိုင်ငံသား စားသုံးသူတွေအပေါ်မှာ သက်ရောက်မှုတွေ ဖြစ်လာမှာကိုလည်း လိုလား နှစ်သက်မှာမဟုတ်ဘူးဆိုတာ တွေ့နိုင်ပါတယ်။

ဒါကြောင့် ဂျပန်နိုင်ငံက ပြန်လည်သန့်စင်ပြီးရေတွေ ပင်လယ်ထဲ စတင်စွန့်ပစ်တော့မယ်လို့ ရက်သတ်မှတ်ကြေညာပြီးကတည်းက တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံရဲ့ ဖူကူရှီးမားပြည်နယ် အပါအဝင် ပြည်နယ် ၁၀ ခုက တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေကို ၂၀၂၃ ခုနှစ် ဇူလိုင်လကစပြီး ရေဒီယိုသတ္တိကြွမှု စစ်ဆေးခြင်း (Radiation test) ကို ပိုမိုတင်းကျပ်စွာ ပြုလုပ်လာခဲ့ပါတယ်။ ဒီလို စစ်ဆေးမှုပြုလုပ်ခြင်းကပင် ဂျပန်ရေထွက်ပစ္စည်း တင်ပို့မှုတွေအပေါ် ထိခိုက်စေခဲ့ပါတယ်။

သန့်စင်ပြီးရေတွေ ပင်လယ်ထဲ စတင်စွန့်ပစ်ခဲ့တဲ့ ဩဂုတ်လ ၂၄ ရက်နေ့မှာတော့ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံတစ်ဝန်းလုံးက ရေထွက်ပစ္စည်းအားလုံး တင်သွင်းမှုကို ပိတ်ပင်ခဲ့ပါတယ်။ ဟောင်ကောင်ဒေသကတော့ ဂျပန်နိုင်ငံရဲ့ ပြည်နယ် ၁၀ ခုက တင်သွင်းလာတဲ့ ရေထွက်ပစ္စည်းတွေကို ပိတ်ပင်ခဲ့ပါတယ်။ ဒီလိုပိတ်ပင်မှုတွေဟာ ဂျပန်နိုင်ငံအစိုးရအတွက်ရော ရေထွက်ပစ္စည်း တင်ပို့သူတွေအတွက်ပါ စိတ်ပူပင်စရာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် စာရင်းတွေအရ ဂျပန်နိုင်ငံက တင်ပို့ခဲ့တဲ့ ရေထွက်ပစ္စည်း ပမာဏစုစုပေါင်းရဲ့ ၂၂ ဒသမ ၅ ရာခိုင်နှုန်း (ဒေါ်လာ ၉၄၂ ဒသမ ၄ သန်း) က တရုတ်နိုင်ငံကို တင်ပို့ခဲ့တာဖြစ်ပြီး ၁၉ ဒသမ ၅ ရာခိုင်နှုန်း (ဒေါ်လာ ၄၃၂ ဒသမ ၃ သန်း) က ဟောင်ကောင်ဒေသကို တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခုလိုပိတ်ပင်ခဲ့တဲ့ တရုတ်နဲ့ ဟောင်ကောင်တို့ဟာ ဂျပန်ရဲ့ပင်လယ်စာ တင်ပို့မှုမှာ အဓိကဈေးကွက်ကြီးတွေဖြစ်သလို ဒဏ်ခတ်မှုကနေ ဂျပန်ပင်လယ်ရေထွက်ပစ္စည်းတွေရဲ့ ဂုဏ်သိက္ခာ ထိခိုက်လာမှာကိုလည်း ဂျပန်အစိုးရဟာ အထူးစိုးရိမ်လျက်ရှိပါတယ်။ ဒါကြောင့် ကျန်နိုင်ငံတွေက အလားတူ အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်လာခြင်း မရှိစေဖို့ ဂျပန်အစိုးရဟာ သံတမန်နည်းလမ်းအရ အစွမ်းကုန်ကြိုးပမ်းလျက်ရှိနေပါတယ်။ သံတမန်နည်းလမ်းအရ ကြိုးပမ်းမှုမအောင်မြင်ခဲ့ရင် တရုတ်နိုင်ငံရဲ့ ပိတ်ပင်မှုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (World Trade Organization–WTO) ထံ တင်ပြဖြေရှင်းသွားမယ်လို့တောင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoshimasa Hayashi က ဩဂုတ်လ ၂၉ ရက်နေ့က ပြောကြားခဲ့ပါတယ်။

တကယ်ဆိုရင် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို မတော်တဆမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး သန့်စင်ပြီးရေတွေ ပင်လယ်ထဲ ပြန်လည်စွန့်ပစ်ရေးဟာ ဂျပန်နိုင်ငံ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအနက် တစ်စိတ်တစ်ပိုင်းမျှသာဖြစ်တယ်လို့ ပြောလို့ရပါတယ်။ ဖူကူရှီးမားမှာ အဏုမြူဓာတ်ပေါင်းဖို ခြောက်လုံးရှိတဲ့အနက် ၂၀၁၁ ခုနှစ် မြေငလျင်နဲ့နောက်ဆက်တွဲ ဆူနာမီရေလှိုင်းတွေကြောင့် ဓာတ်ပေါင်းဖို သုံးလုံးမှာရှိတဲ့ အဏုမြူလောင်စာတောင့်တွေဟာ အပူချိန် မတရားလွန်ကဲပြီး အရည်ပျော်ကုန်တာဖြစ်ပါတယ်။ အဲဒီအရည်ပျော်နေတဲ့ လောင်စာတောင့်တွေကို အေးသွားအောင် ရေပမာဏ အများအပြား အသုံးပြုအအေးခံရာကနေ အဏုမြူဓာတ်သတ္တိကြွရေတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီရေတွေကို သိပ္ပံနည်းကျ ပြန်လည်သန့်စင်ပြီး ပင်လယ်ပြင်ထဲ ပြန်လည်စွန့်ပစ်ရေးကိုတောင် မတော်တဆမှုဖြစ်ပြီး ၁၂ နှစ်ကြာလာတဲ့အချိန်မှ စတင်ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ တကယ်ဆိုရင် ဖြေရှင်းဖို့ ကျန်ရှိနေသေးတဲ့ စိန်ခေါ်မှုတွေက သူ့ထက် အဆများစွာ ပိုပါတယ်။

အဲဒါကတော့ အဏုမြူဓာတ်ပေါင်းဖို သုံးလုံးထဲမှာ ရှိနေသေးတဲ့ ချော်ရည်လို အရည်ပျော်နေတဲ့ အဏုမြူလောင်စာတောင့်တွေဖြစ်ပါတယ်။ စုစုပေါင်း တန်ချိန် ၉၀၀ လောက်ရှိနေတဲ့ ဒီလောင်စာတောင့်တွေ ဓာတ်ပေါင်းဖိုထဲမှာ ဘယ်လိုပုံစံ ဖြစ်နေတယ်၊ ဘယ်လိုသန့်ရှင်းရေး ပြုလုပ်ရမလဲဆိုတာက အဓိကပြဿနာ ဖြစ်ပါတယ်။ အပူချိန်လွန်ကဲမှု၊ အဏုမြူဓာတ်သတ္တိကြွပြင်းအား များပြားမှုတို့ကြောင့် လူတွေ အနားကပ်လို့မရတဲ့ နေရာလည်း ဖြစ်ပါတယ်။

ဂျပန်နိုင်ငံကတော့ လက်ရှိမှာ အဝေးကနေ ထိန်းချုပ်မောင်းနှင်နိုင်တဲ့ အဆင့်မြင့်စက်ရုပ်တွေ အသုံးပြုပြီး အဏုမြူဓာတ်ပေါင်းဖိုအတွင်းပိုင်းနေရာတွေကို လေ့လာနိုင်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီလောင်စာတောင့်တွေ ရှင်းလင်းသန့်ရှင်းရေးပြုလုပ်နိုင်ဖို့ကိစ္စကို အပြုသဘောအမြင်နဲ့ စဉ်းစားရင်တောင် နှစ်ပေါင်း ၃၀ ကနေ ၄၀ အထိ ကြာမြင့်

*စာမျက်နှာ ၁၇ သို့*



ဟောင်ကောင်ဈေးဝယ်စင်တာတစ်ခုတွင် ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် ပင်လယ်စာများ ခင်းကျင်းပြသရောင်းချနေစဉ်။

❑ **ဖူကူရှီးမားမှာ အဏုမြူဓာတ်ပေါင်းဖို ခြောက်လုံးရှိတဲ့အနက် ၂၀၁၁ ခုနှစ် မြေငလျင်နဲ့နောက်ဆက်တွဲ ဆူနာမီရေလှိုင်းတွေကြောင့် ဓာတ်ပေါင်းဖိုသုံးလုံးမှာရှိတဲ့ အဏုမြူလောင်စာတောင့်တွေဟာ အပူချိန် မတရားလွန်ကဲပြီး အရည်ပျော်ကုန်တာဖြစ်ပါတယ်။ အဲဒီအရည်ပျော်နေတဲ့ လောင်စာတောင့်တွေကို အေးသွားအောင် ရေပမာဏ အများအပြား အသုံးပြုအအေးခံရာကနေ အဏုမြူဓာတ်သတ္တိကြွရေတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီရေတွေကို သိပ္ပံနည်းကျ ပြန်လည်သန့်စင်ပြီး ပင်လယ်ပြင်ထဲ ပြန်လည်စွန့်ပစ်ရေးကိုတောင် မတော်တဆမှုဖြစ်ပြီး ၁၂ နှစ် ကြာလာတဲ့အချိန်မှ စတင်ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ တကယ်ဆိုရင် ဖြေရှင်းဖို့ ကျန်ရှိနေသေးတဲ့ စိန်ခေါ်မှုတွေက သူ့ထက် အဆများစွာပိုပါတယ်**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စု ပြဒါးချောင်းကျေးရွာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေသည့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့်အဖွဲ့သည် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များအား ပြဒါးချောင်းကျေးရွာ ရွာဦးကျောင်း၌ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မြစိန်ရတနာကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း**

ထို့နောက် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးမင်းနောင်နှင့် အဖွဲ့သည် ပြဒါးချောင်းကျေးရွာ ရွာဦးကျောင်း၌ ပြည်ထောင်ကိုးကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဗိုလ်မှူးကြီးမင်းနောင်က ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြေပြန့်နှင့် တောင်ပေါ်ဒေသ၊ ကျေးလက်နှင့် မြို့ပြဒေသ လူနေမှုအဆင့်အတန်း ကွာခြားမှုမရှိစေရေးရည်ရွယ်၍ အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်



အလေးထားဆောင်ရွက်လျက်ရှိရာ တောင်ပေါ်ဒေသနေ ပြည်သူလူထု စာတတ်မြောက်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်ရေးသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ထို့ကြောင့် တောင်ပေါ်ဒေသနေ ပြည်သူလူထု ရောဂါကင်းဝေး၍ ကျန်းမာသော ဘဝရရှိစေရေးတတ်နိုင်သမျှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတင်ပြ**

ထို့ပြင် ဒေသ၏အခြေခံလိုအပ်ချက်များဖြစ်သော လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်ဆိုင်သည့် အသိပညာကောင်းများ ရရှိစေရေးကိုလည်း ခရီးစဉ်တွင်လိုက်ပါလာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း၊ ထိုသို့ တင်ပြမှသာ မိမိတို့အနေဖြင့် ဘဏ္ဍာရေးနှစ်များ လျာထားကာ အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်း လုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗိုလ်မှူးကြီးမင်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများ၊ အိမ်ထောင်စုများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် လှူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဗဟုသုတရဖွယ်သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ သဘာဝမြေဩဇာများ၊ ကလေးကစားစရာများနှင့် ထောက်ပံ့ငွေတို့ကိုပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်**

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က ပြည်ထောင်ကိုးကျေးရွာအုပ်စုရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) တို့ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအမံများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်ကိုးကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများကိုယ်စား ပြည်ထောင်ကိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဗိုလ်မှူးကြီး မင်းနောင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဗိုလ်မှူးကြီးမင်းနောင်သည် ကျေးရွာအတွင်းမှ စိုက်ပျိုးအောင်မြင် ထွက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ ဆေးဖက်ဝင်အပင်များနှင့် ဝါးလက်မှုပညာရပ်ဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ဗိုလ်မှူးကြီးမင်းနောင်သည် နေပြည်တော် ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြဒါးချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ သံဃာတော်များနှင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးဆိုင်ရာ ဆေးဝါးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြဒါးချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ပျဉ်းမနားတောင်ပေါ်ဒေသ ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဗိုလ်မှူးကြီးမင်းနောင်သည် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရည်မြင့်မားရေးအတွက် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြရန် မှာကြားပြီး စားသောက်ဖွယ်ရာများ ဝေငှပေးသည်။

**မြသီတာထွန်း သဘာဝအပန်းဖြေစခန်း**

ညနေပိုင်းတွင် ဗိုလ်မှူးကြီးမင်းနောင်သည် မြသီတာကျေးရွာ ရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လျာထားဆောင်ရွက်မည့် အခြေအနေများနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို အခြေခံ၍ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ထားသည့် မြသီတာထွန်း သဘာဝအပန်းဖြေစခန်းသို့ သွားရောက်ကြည့်ရှု၍ ဒေသအခြေပြု ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသနေတိုင်းရင်းသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင်လည်း ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။


**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

နိုင်ပြီး ကုန်ကျစရိတ်ကလည်း အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံအထိ ကုန်ကျမယ်လို့ တွက်ချက်ထားကြတဲ့အတွက် အခက်အခဲရဲ့ ပမာဏကို ခန့်မှန်းကြည့်နိုင်ပါတယ်။

အကျဉ်းချုပ်ရရင် ဂျပန်နိုင်ငံ ဖူကူရှီးမားဓာတ်ပေါင်းဖိုက အဏုမြူသတ္တိကြွရေတွေကို ပြန်လည်သန့်စင်ပြီး ပင်လယ်ပြင်တွင်း စွန့်ပစ်တဲ့ဖြစ်စဉ်ကြောင့် လူသားတွေအတွက် ရေရှည်ဘေးထွက်ဆိုးကျိုးတွေ ရှိလာနိုင်မလားဆိုတာ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ အနည်းနဲ့အများတော့ စိတ်ပူပင်ကြမှာဖြစ်တယ်ဆိုတာ မငြင်းနိုင်တဲ့အချက် ဖြစ်ပါတယ်။ ဒီစွန့်ပစ်မှုကနေ မည်သည့်ဘေးထွက်ဆိုးကျိုးမှ ဖြစ်မလာစေဖို့လည်း အားလုံးက မျှော်လင့်ကြမှာဖြစ်ပါတယ်။ ဂျပန်အစိုးရတာဝန်ရှိသူတွေကတော့ သန့်စင်ပြီး ရေတွေ ပြန်လည်စွန့်ပစ်တဲ့နေ့ကစပြီး ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖိုအနီး ပင်လယ်ပြင်မှာ ထရစ်တီယံ (Tritium) ဓာတ်သတ္တိကြွမှုတွေ မြင့်တက်လာနိုင်မှုကို နေ့စဉ်တိုင်းတာမှုတွေ ပြုလုပ်လျက်ရှိရာမှာ မြင့်တက်လာမှုမရှိတာကို တွေ့မြင်ရတယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။ သို့သော်လည်း ယခု ပြန်လည်စွန့်ပစ်မှုလုပ်ငန်းစဉ်ဟာ နှစ်ပေါင်း ၃၀ လောက် အချိန်ယူဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အနာဂတ်မျိုးဆက်တွေ လက်ထက်မှာလည်း ဘေးထွက်ဆိုးကျိုးတွေ မရှိလာပါစေနဲ့လို့ မျှော်လင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။




ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုမှ အဏုမြူဓာတ်သတ္တိကြွပစ္စည်းများ ပြန်လည်သန့်စင်ပြီးရေများ ပစိဖိတ်သမုဒ္ဒရာအတွင်း လိုဏ်ခေါင်းတူး၍ ပြန်လည်စွန့်ပစ်သည့် အစီအစဉ်။




အဝေးထိန်းစက်ရုပ်မှ ရိုက်ကူးပေးသည့် ဖူကူရှီးမား အဏုမြူဓာတ်ပေါင်းဖို အတွင်းပိုင်းရှိ အရည်ပျော်နေသည့် လောင်စာများ။


ရည်ညွှန်း

- ဂျပန်နိုင်ငံ စနစ်တကျကိုင်တွယ်ဖြေရှင်းနေရတဲ့ ဖူကူရှီးမားဓာတ်ပေါင်းဖို အဏုမြူစွန့်ပစ်ပစ္စည်း အခက်အခဲ (တက္ကသိုလ်မောင်ရှုပ) ၂၀၂၂ ဖေဖော်ဝါရီ ၂၄၊ ၂၅ ၊ ၂၆ မြန်မာ့အလင်းသတင်းစာ
- The Fukushima Disaster by Wise World Information Service on Energy
- Japan’s news resources (Japan Times, Japan News, Nikkei Asia, Kyodo News, Japan Today)

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက(မဒေါက်) Grade-11မှ မောင်ဂျင်ကိုဦး၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၇/ညလပ (နိုင်) ၁၃၁၄၆၇ ဖြစ်ပါကြောင်း။

**ဦးယဉ်ထွေး**

## အမည်မှန်

ဦးနေဒီဝင်း-ဒေါ်သဇင်မင်းတို့၏ သား ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ ရှမ်းကြေးရပ်ကွက်၊ အထက (တပ်နယ်) Grade- 12 မှ မောင်ခန့်ဇင်ညိမ်း၏ အမည်မှန်မှာ မောင်ခန့်ဇင်ငြိမ်း ဖြစ်ပါကြောင်း။

**မောင်ခန့်ဇင်ငြိမ်း**

## မိခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ ရွှေဥဒေါင်းကျေးရွာ၊ ဗိုလ်မင်းရောင်ကျောင်း အထက(ခွဲ)Grade-12မှ (ဘ)ဦးကျော်အောင်၏သမီး မအင်ကြင်းထွေး၏ မိခင် ဒေါ်စန်းစန်း၏ အမည်မှန်မှာ ဒေါ်ခင်စန်းတင် ၉/တကန(နိုင်)၁၀၅၅၂၈ ဖြစ်ပါကြောင်း။

**ဒေါ်ခင်စန်းတင်**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြကျေးရွာနေ ဦးဘိုလှ၏ သမီး ဒေါ်လဲ့လဲ့ခိုင် ၉/တကန(နိုင်)၁၁၄၀၂၈ ၏မွေးသက္ကရာဇ်အမှန်မှာ ၁၄-၃-၁၉၉၇ ဖြစ်ပါကြောင်း။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ လူနေရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၃၁၆)၊ အကျယ်အဝန်း(၄၁ပေx၆၀ပေ)၊ (၀ဒသမ၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေရှိ ဦးစံမောင် ၁၂/မဂတ(နိုင်)၀၄၃၈၇၃အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၁၆)၊ နတ်သျှင်နောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC(၂)နေအိမ် တို့အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကြီးဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုင်းလာ၁၃/တခလ(နိုင်)၀၂၃၀၂၃ ထံမှ ကျွန်ုပ် တို့၏မိတ်ဆွေ ဒေါ်မဦးခင်ညွှန့် ၁၁/စတန(နိုင်)၀၁၄၄၉၉ က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်ကွက်အတွင်းရှိ မြေကွက်အမှတ်(၁၂၈)သည် မဟာစည်တိုးချဲ့ရပ်ဖော်ထုတ်ရေးဦးစီးကော်မတီမှ တပ်ကြပ်ကြီးနက်တုတ်/၃၁၈၁၆၇ (ခမရ- ၁၁၃)အား မြေနေရာ ချထားပေးခဲ့သောမြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်စိုးစိုးအေး ၉/မထလ(နိုင်)၀၂၂၂၇၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်သန်းသန်းနွယ် ၉/ရမသ(နိုင်)၁၁၀၈၄၅ မှ ကာလတန်ဖိုးတစ်ရပ်ဖြင့် (၁-၉-၂၀၂၃) ရက်နေ့၌ ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်မှ အဆိုပါ မြေကွက်အမှတ်(၁၂၈)အား မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ လက်ရောက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **ဒေါ်သန်းသန်းနွယ်** | **ဦးဇော်အောင်လွင် (LL.B)** | **ဒေါ်ငွေးငွေးစိုး (LL.B)** |
| **၉/ရမသ(နိုင်)၁၁၀၈၄၅** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်- ၁၆၇၆၆)** | **(စဉ်- ၁၆၇၇၄)** |

**ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မဟာစည်တိုးချဲ့ရပ်၊ မိတ္ထီလာမြို့။**

**ဖုန်း-၀၉- ၄၄၂၀၀၃၅၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃/လှိုင်ထိပ်ခေါင်တင်)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ ၀ ဒသမ ၀၇၃ဧကအား ဒေါ်ခင်စိုးရီ (ဘ)ဦးမောင်တိုး ၉/တကန(နိုင်)၁၀၁၇၇၇ မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၂၁၁၇/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ မြို့မ အထက၊ Grade-5(A)မှ မောင်ဘုဏ်းမြတ်သူ၏ ဖခင် ဦးမင်းမင်းနိုင်နှင့် ဦးမင်းမင်းသူ ၁၂/လကန(နိုင်)၂၁၁၁၆၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ အထက (ခွဲ) လကရ (၃) Grade-12မှ မောင်ကောင်းချစ်ထူး၏ မွေးသက္ကရာဇ်အမှန်မှာ (၂၂-၁-၂၀၀၄)ဖြစ်ပါကြောင်း။

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)

၁။ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် လုံခြုံရေးဝန်ထမ်းဝန်ဆောင်မှုလုပ်ငန်း ငှားရမ်းလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။

| | |
|---|---|
| **တင်ဒါအဆိုပြုလွှာစတင် ရောင်းချမည့်ရက်နှင့်အချိန်** | - ၅-၉-၂၀၂၃ ရက်မှ ၁၈-၉-၂၀၂၃ ရက်ထိ ညနေ(၄:၀၀)နာရီထိ |
| **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်** | - ၁၈ -၉-၂၀၂၃ ရက် ညနေ(၄:၀၀)နာရီထိ |
| **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(မန္တလေး) |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်နှင့်အချိန်နေရာ** | - ထပ်မံကြေညာပါမည် |

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်တင်ဒါအာမခံကြေး PO ကို အိတ်ဖွင့်တင်ဒါတင်သွင်းသည့် ပုံစံနှင့်အတူ ပူးတွဲတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက နည်းပညာတက္ကသိုလ်(မန္တလေး)၏ ဖုန်း-၀၉-၂၅၆၁၂၉၈၆၈၊ ၀၉-၉၇၇၇၉၉၉၃၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**နည်းပညာတက္ကသိုလ်(မန္တလေး)**




## ပြင်ဆင်ဖတ်ရှုပါရန်

၃-၉-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) နိုင်ငံခြားရေးဝန်ကြီးဌာန၊ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း (Certificate Course in Basic Diplomatic Skills-BDS)၊ သင်တန်းအမှတ်စဉ် (၄၄/ ၂၀၂၃) အတွက် သင်တန်းသားများခေါ်ယူခြင်း ကြော်ငြာအမှတ်စဉ် ၁(ဂ) သင်တန်းချိန်များတွင် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ(ရုံးဖွင့်ရက်များ) နံနက် ၇:၀၀ နာရီမှ ၁၉:၀၀ နာရီအထိ အစား နံနက် ၇:၀၀နာရီမှ ၉:၀၀နာရီအထိဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၆၇၅)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးစိုးနိုင် (ဘ)ဦးချို ၁၂/ဥကတ(နိုင်)၀၂၉၁၁၆-ဒေါ်အေးမြင့်သန်း (ဘ)ဦးလှမင်း ၁၂/ဥကတ(နိုင်)၀၂၉၁၁၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးစိုးနိုင်၊ ဒေါ်အေးမြင့်သန်းထံမှ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၁၃၂၆၁/၂၀၂၂)၊ (၁-၈-၂၀၂၂)ရရှိထားသူ ဦးထွန်းနိုင်ဝင်း (ဘ)ဦးမြင့်အောင် ၉/ပဘန(နိုင်)၁၂၈၅၅၉မှ ဒေါ်အေးမီ (ဘ)ဦးဆန်မောင် ၁၃/လရန(နိုင်)၁၈၈၂၁၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၁၈)မြေညီ၊ ခေါင်းရင်းခန်း၊ အလျား ၁၀'x အနံ ၄၀'ရှိ ရေ၊ မီးအစုံတိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိနေထိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန်းကြည် ၁၁/ဂမန(နိုင်)၀၀၀၈၈၇ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးညီညီအောင် ၁၂/ဗဟန(နိုင်)၀၆၅၀၄၄က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းရောင်း/ဝယ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းစန္ဒီသန်းဌေး(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၅၆/၂၀၁၉)**

**အမှတ်(၁၃၇)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၀၂၈၁၇၇**




**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-H)၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ မြေကွက်အမှတ်(၁၀၀)၊ အကျယ်အဝန်း(၂၀ x ၄၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း(၁၈ x ၄၀) ပေ ခန့်ရှိ အုတ်ခံပျဉ်ထောင်အိမ်(၂)ထပ်အဆောက်အအုံနှင့် ရေမီးစုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အုတ်ခံပျဉ်ထောင် အိမ်(၂)ထပ် အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၏မြို့မြေစာရင်းတွင် ဦးချွန်း ၁၂/ဗဟန(နိုင်)၀၄၅၇၁၀(CJ - ၀၄၀၉၁၅)အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန် မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူ ဖခင်ကွယ်လွန်သွားသည့်အတွက် အမွေဆက်ခံသူသားသမီးများဖြစ်ကြသော (၁) ဒေါ်မို့မို့အေး ၁၂/ဗဟန(နိုင်)၀၄၀၂၅၇၊ (၂) ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၁၆၇၉၂၊ (၃) ဦးသိန်းဆွေ ၁၂/ဗဟန(နိုင်)၀၄၅၄၄၁၊ (၄)ဒေါ်သက်သက်ဖိုး ၁၂/ဗဟန(နိုင်)၀၄၃၃၂၉၊ (၅) ဦးစိန်လွင် ၁၂/ဗဟန(နိုင်)၀၄၄၇၀၈၊ (၆) ဦးမျိုးခိုင် ၁၂/ဗဟန(နိုင်)၀၀၁၃၇၅)၊ (၇) ဦးသိန်းဇော် (၁၂/ဗဟန(နိုင်)၀၀၁၃၇၆)၊ (၈) ဦးရတနာထွန်းခိုင် ၁၂/ဗဟန(နိုင်)၀၁၇၀၄၄ တို့ထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းတို့ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၆၂၄/၂၀၂၃) (၁၃၆၂၅/၂၀၂၃)တို့အရ တရားဝင် ရရှိပိုင်ဆိုင်ထားသူ ဦးထွန်းထွန်းလင်း ၁၄/ဖပန(နိုင်)၁၃၁၃၁၆ မှ ၎င်းကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ညိုမာ(LL.B )၊ အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**

**အခန်းအမှတ် (308) Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄၊**

## ကန့်ကွက်နိုင်ပါကြောင်း

ဟသ်္ာတမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ အကွက်အမှတ်(၃၉) ကံလှရပ်၊ ဦးပိုင်အမှတ် (၁၆ᵇ)၊ ဧရိယာ (၀ဒသမ ၂၅၅) ဧကအနက်မှ ဧရိယာ(၀ဒသမ ၀၈၀) ဧကရှိမြေကို ဒေါ်မြတ်သဇင်ဌေးလှ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ဟသ်္ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဟသ်္ာတမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 17U/3023 Bajaj Maxima ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင် ၁၄/ဟသတ(နိုင်) ၃၇၅၃၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ဟသ်္ာတ)**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၈-၈-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၀)ပါ ဒေါ်ညိုမာ၊ အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆) ၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ချမ်းမြေ့သာယာလမ်း၊ မြေကွက်အမှတ်(၂၆၃)၊ မြေကွက်ကြော်ငြာတွင် တရားဝင်မခွဲမစိတ်ရသေးသည့်မြေ၏ အကျယ်အဝန်း (၄၀' x ၆၀') အစား **တရားဝင်မခွဲမစိတ်ရသေးသည့်မြေ၏ အကျယ်အဝန်း (၂၀' x ၆၀')** ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ မြို့မရပ်နေ ဦးမင်းနိုင် ၉/မကန(နိုင်)၀၃၂၀၁၂၏ လွှဲအပ်ချက်အရ အောက် ပါအတိုင်းကြေညာအပ်သည်မှာ-

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ကျပ်ပြင်ကျေးရွာအုပ်စု၊ မြို့မရပ်ရှိ မူလပိုင်ရှင်များဖြစ်သူ ဦးစံထွန်း+ဒေါ်သောင်းစိန်တို့၏ သားသမီးများဖြစ်ကြသော(၁)ဒေါ်ခင်ငွေသန်း၊ (၂) ဦးမောင်မောင်သန်း၊ (၃) ဦးဝင်းဇော်၊ (၄) ဒေါ်ခင်မာရီ၊ (၅)ဒေါ်ခင်မာကြည်၊ (၆) ဦးရွှေမိုး၊ (၇) ဦးရွှေတိုး၊ (၈) ဒေါ်စိုးစိုးမ၊ (၉) ဒေါ်အေးအေးလွင်၊ (၁၀) ဒေါ်ရီရီလွင်၊(၁၁) ဦးလွင်မင်းထွန်းနှင့် (၁၂) ဒေါ်စန်းစန်းလွင်တို့မှ ၁၉၆၈-ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့စွဲပါ " အိမ်ရာခြံမြေအပြောင်းအလွှဲစာချုပ်"ပါမြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကာလတန်ဖိုးနှင့်အညီ ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းနိုင်၉/မကန(နိုင်)၀၃၂၀၁၂မှဥပဒေနှင့်အညီ အပြီးအပိုင် လွှဲပြောင်းဝယ်ယူစာချုပ် ချုပ်ဆိုပြီး တရားဝင်လက်ရှိလက်ရောက် လက်ခံဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဦးမင်းနိုင်၏ တရားဝင် ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ခြံစည်းရိုး ပြုပြင်တံတိုင်း ခတ်ကာရံခြင်း၊ မြေပုံ(၁၀၅-၁၀၆) ကူးယူခြင်း၊ အမည်ပြောင်းလဲခြင်း၊ မြေငှားဂရန်အမည်ပေါက်လျှောက်ထားခြင်း၊ အခြားသောကိစ္စအရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးမင်းနိုင်မှသိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးလပြည့်နိုင်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၁)**

**ဈ/၃၆၊ မြို့လယ်ရပ် ၊ မိုးကုတ်မြို့၊ ဖုန်း- ၀၉-၄၄၄၀၀၂၆၅၆**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ပြကြီးကျေးရွာအုပ်စု၊ ပြကြီးကျေးရွာနေ (ဘ)ဦးစောငြိမ်း၏သမီး ကျွန်မ မိုင်ဆွေဇင်ဝင်း ၈/အလန (နိုင်) ၂၄၀၆၆၉ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် MG-118397 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉- ၆၉၃၃၉၀၁၄၈**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ သစ်လှကွင်းကျေးရွာအုပ်စု၊ထနောင်းလှ ကျေးရွာနေ (ဘ)ဦးလှမြင့်၏ သား ကျွန်တော် ဦးအောင်နိုင်ဦး ၈/နမန(နိုင်)၁၅၅၂၂၈ ၏ ယခင်နိုင်ငံကူးလက်မှတ် အမှတ် MG-888911 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉- ၈၈၇၂၁၃၆၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၆+၈မြို့ဝမ်ရပ်)ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ဒသမ၀၉၀)ကေ၊ အမှုတွဲအမှတ်၊ ၁၀၈-၅/၂၀၀၁-၂၀၀၂(အေ)ဖြင့် ဦးတင်ဦးမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးတင်ဦး ၁၃/လရန(နိုင်)၀၂၀၅၃၈မှ (၈-၅-၂၀၂၃)ရက်တွင် ရောင်း/ဝယ်စာချုပ်(၃၀၆၊/၂၀၂၃)ဖြင့် ဒေါ်မြအေး ၁၃/လရန(နိုင်)၀၇၁၁၀၇ ထံသို့ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## မြေပေးမိန့်ပျောက်ဆုံးကြောင်း ကြေညာခြင်း

တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်အတွင်းရှိ မြို့ကွက်သစ် အပိုင်း(ဆ)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ (၀ဒသမ၀၅၅)ကေမှာ ဗိုလ်ချုပ်ခင်မောင်မြင့် အမည်ဖြင့် မြေပေးအမိန့်ရရှိထားသူ ဖြစ်ပါသည်။ အဆိုပါ မြေပေးအမိန့်မှာ ပျောက်ဆုံးသွားပြီး မြေပေးမိန့်မိတ္တူမှန်အား ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြေညာ ပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းနု ၁၂/မဂဒ(နိုင်)၀၃၈၂၉၆**
**ဗိုလ်ချုပ်ခင်မောင်မြင့်၏ ဇနီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအားလာ၏ သမီး မိုင်းယောင်းမြို့နယ်၊ ပုံချိုနီးကျေးရွာနေ မမီမ(ခ) မမီမာ ၁၃/မယတ(နိုင်)၀၂၇၈၅၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မမီမ(ခ)မမီမာ**

## အမည်နှင့် မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြ ကျေးရွာနေ ဦးမြင့်ဆွေ၏ သမီး ဒေါ်ချစ်စပယ်၏ အမည်မှန်မှာ ဒေါ်စပယ် ၉/တကန(နိုင်) ၁၂၁၆၃၅ ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၂၆-၉-၁၉၈၆ ဖြစ်ပါကြောင်း။

**ဒေါ်စပယ်**

## မွေးသက္ကရာဇ်အမှန်

တပ်ကုန်းမြို့နယ်၊ အေးချမ်းသာစံပြကျေးရွာနေ ဦးညီလှ၏ သမီး ဒေါ်လှလှအုန်း ၉/တကန (နိုင်)၀၀၅၂၁၅ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၅-၆-၁၉၇၁ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၇-၂၀၂၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၂၆) ပါ ကညန၊ ခရိုင်ရုံး(တောင်ငူ)၏ ယာဉ်အမှတ် 83w/80852 ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်လက်ဝယ်ရှိသူ စောလုဘာဘာဆိုစေအစား စောလုကာဘာဆိုဂေ ၇/ထတပ(နိုင်) ၀၉၅၂၄၉ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/17772, Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းလှိုင် ၁၃/ကတန(နိုင်) ၀၀၂၁၉၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ မြောက်ငှက်သိုက် ကျေးရွာနေ ဦးသိုက်ထွန်း၏ သမီး မဇာခြည်ထွန်း ၉/ရမသ(နိုင်)၂၃၃၀၃၂ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၅-၂၀၀၄ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/4139 ယာဉ်လက်ဝယ်ရှိသူ ဦးသက် ၇/ပခန (နိုင်)၄၉၂၃၁၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၆၂၈)၊ ဧရိယာ (၀ဒသမ၀၉၆)ကေ၊ အမှုတွဲအမှတ်၊ ၉၅၅-၅/၂၀၀၀-၂၀၀၁(အေ)ဖြင့် ဦးစောလှမောင်မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏ ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ ဒေါ်အိအိမွန် ၁၃/လရန(နိုင်)၁၄၈၇၁၆မှ ရောင်း/ဝယ်စာချုပ်(၄၄၅၊/၂၀၂၃) ဖြင့် ဦးစောလှမောင် ၁၃/မမတ(နိုင်) ၀၄၃၉၇၂ ထံသို့ ရောင်းချပေးပြီး ဖြစ်၍ ဦးစောလှမောင်မှ အမည်ပြောင်း ထပ်မံ အသစ်လျှောက်ထားလာမှု အပေါ် ကန့်ကွက် လို သူများရှိပါက ရက်ပေါင်း(၂၀) အတွင်း ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

ပဲခူးမြို့၊ လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 မှ မောင်ထက်အောင်ကျော်၏ဖခင် ဦးလှမျိုး၏ အမည်မှန်မှာ ဦးစိုင်းလှမျိုး ၇/ဖမန(နိုင်)၀၁၆၈၂၉ ဖြစ်ပါကြောင်း။

**ဦးစိုင်းလှမျိုး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10(N)မှ မနှင်းနုလှိုင်၏ဖခင် ဦးသန်းထိုက်၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဦးသောင်းထိုက် ၆/မအရ(နိုင်)၀၀၀၁၉၆ ဖြစ်ပါကြောင်း။

**ဦးသောင်းထိုက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၈၁၀၂၈, Honda Click-150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းလွင်ဦး ၆/မမန (နိုင်)၂၀၃၈၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၂၈၈၄, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတိုးအောင် ၆/အမရ (နိုင်)၀၄၀၅၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ရေပုန်းကွင်း၊ ဦးပိုင်အမှတ် (၁၄/၁၄+၁၃/၁၃+၁၅/၁၅+၁၇/၃၃)၊ စုစုပေါင်းမြေဧရိယာ (၀ဒသမ ၂၂၀) ကေအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၁၈/၂၀၀၇-၂၀၀၈ အရ ဒေါ်သူဇာလွင်၊ ဒေါ်ခိုင်ဆုနွယ်၊ ဒေါ်ဝင်းဝါလှိုင် အမည်ဖြင့် ရရှိခဲ့ပြီး ၎င်းဧရိယာ အနက်မှ ဦးပိုင်အမှတ်(၁၄/၁၄+၁၃/၁၃)၊ (က) အမှတ်ပြမြေဧရိယာ ၀ ဒသမ ၁၁၀ ကေရှိ မြေကွက်အား မူလဂရန်အမည်ပေါက်သူတို့အနက် မြေကွက် အကျိုးခံစားခွင့် စွန့်လွှတ်ပေးသည့်စာချုပ်အရ ပိုင်ဆိုင်ခဲ့သူ ဒေါ်သူဇာလွင် ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၃/၂၀၂၃) ဖြင့် ဦးသီဟအောင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (ခွဲစိတ်/အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးသီဟအောင် ၁၃/ကလန(နိုင်)၀၅၅၀၈၁ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ယခင် (၅)ရပ်ကွက်၊ မင်းလမ်းရှိ ကက်သလစ်သာသနာ အသင်းတော်(ခရစ်ယာန်ကျောင်းပိုင်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အုတ်အင်္ဂတေကာ၊ အင်္ဂတေခင်းအခန်း(၉)ခန်းပါ အဆောက်အအုံ၏ အခန်းများနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၄) ရပ်ကွက်၊ မင်းလမ်းနှင့် ဈေး လမ်းထောင့်ရှိ ကွင်းအကွက်အမှတ်နှင့်အမည် (၁၂/ဈေးရပ်)၊ ဦးပိုင်အမှတ် (၆၁)၊ မြေကွက်အမှတ်(၂၇၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၆ ကေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အုတ်အင်္ဂတေကာ၊ အင်္ဂတေခင်း အခန်း(၉)ခန်းရှိ တစ်ထပ်အဆောက်အအုံကို မူလပိုင်ရှင်ဒေါ်လှရင်မှ ၎င်းအမည် ပေါက် ဂရန်အမှုတွဲအမှတ် (၂၄/၁၉၄၅ - ၅၀)ဖြင့် ကက်သလစ်သာသနာ အသင်းတော်သို့ ၁၉၇၆ ခုနှစ်တွင် မြေနှင့်အိမ်အား လက်ရောက် လှူဒါန်းပေးအပ်ခဲ့၍ ထိုအချိန်မှစတင်၍ ကက်သလစ်သာသနာအသင်းတော်က လက်ဝယ် ရရှိပိုင်ဆိုင်ခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ ဖာသာရ်ပေါလ်မှ ကက်သလစ်သာသနာအသင်းတော်အတွက် (၂၆-၅-၁၉၉၀)ရက်တွင် အမည်ပြောင်းဂရန် လျှောက်ထားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၈၇၃)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်ကြီးအနက်မှ ခြေရင်းဘက်ခြမ်း၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်အမှတ် ၈၇၃/ခ၊ သုဇာတာ(၅)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဒေါ်လှသန်း ၁၄/ပသန(နိုင်)၀၀၉၅၆၈ မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းလွင် ၁၂/ရကန(နိုင်)၀၆၀၃၅၆မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တရားဝင် ခိုင်လုံ၊ ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းမျိုးထက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၁၉၄၁/၃၀-၉-၂၀၁၀)**
**အမှတ် (က/၉၁၁)၊ သုဇာတာ (၂) လမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉- ၂၅၀၁၁၆၃၅၉**

## ဝန်ချတောင်းပန်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ MAC Towerနေ (ဘ) ဦးတင်ဝင်းအောင်၏သမီးဖြစ်သူ ကျွန်မ၏မိတ်ဆွေ မချယ်ရီဝင်းအောင် ၁၂/ခရန(နိုင်)၁၁၉၄၄၀၊ Aye Phyu Account ပိုင်ရှင်သည် လွန်ခဲ့သော ၂၇- ၁၁- ၂၀၂၂ ရက်က ၎င်း၏ ကြီးကြီးတော်စပ်သူ ဒေါ်မြင့်မြင့်ကြူ (မြင့်မိုရ်ရွှေ အကောင့်ပိုင်ရှင်) မြင့်မိုရ်ရွှေစတိုး၊ လှည်းကူးတာဆုံတွင် နေထိုင်သူအား ဆွေမျိုးညီအစ်ကို မောင်နှမများကြားတွင် ပါဝင်စွက်ဖက်သည်ဟု မရေရာ မသေချာသော ထင်မြင်ချက်ဖြင့် ရိုင်းစိုင်းစွာစော်ကားမိခဲ့ပါသည်။ ထိုသို့ မှားယွင်းအထင်မှားပြီး စော်ကားမိခြင်းအတွက် ကြီးကြီးတော်စပ်သူ ဒေါ်မြင့်မြင့်ကြူ (မြင့်မိုရ်ရွှေ အကောင့်ပိုင်ရှင်)အား အနူးအညွတ်ဝန်ချတောင်းပန်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **မချယ်ရီဝင်းအောင်** | **ဒေါ်အိသိမ့်သိမ့်ကျော်(LL.B)(Q)** |
| **၁၂/ခရန(နိုင်)၁၁၉၄၄၀** | **အထက်တန်းရှေ့နေ(စဉ်-၄၉၅၁၄)** |
| **(Aye Phyu Account ပိုင်ရှင်)** | **အမှတ်(၁၈၄)၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့** |

## အမည်ပြောင်း

ရန် ကု န် တို င်း ဒေ သ ကြီး၊ အင်းစိန်မြို့နယ်၊ Majestic Dynasty ကိုယ်ပိုင်အလယ်တန်းကျောင်းGrade-3မှ မယွန်မီမီကိုအား ယနေ့မှစ၍ မအေးခန့်ခန့်မိုးဟု ပြောင်းလဲခေါ်ပါရန်။

**မအေးခန့်ခန့်မိုး**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ချောင်းသုံးခွကျေးရွာမှ တောင်ကုတ်မြို့၊ မဟော်သဓာကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်း တက်ရောက်နေသော မမေဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းရွှေ ၁၁/တကန(နိုင်) ၀၄၀၀၂၆ ဖြစ်ပါကြောင်း။

**ဦးသန်းရွှေ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/2566 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်နိုင်လင်း ၅/ကနန(နိုင်)၁၀၄၀၇၇ ပတ်စ်ပို့နံပါတ်ME-301329မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်-၀၉-၉၇၆၄၅၂၉၆၁**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ အမှတ်(၂)ရပ်ကွက် ဦးကိုဝင်း ၉/မလန(နိုင်)၀၉၈၂၀ပိုင်ဆိုင်သော မြေကွက်ပေါ်တွင်အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးကိုဝင်း**
**ဇရပ်ကွင်းကျေးရွာ**

## မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း/သစ်မာ သစ်လုံး၊ ကျွန်း/သစ်မာခွဲသားများကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည် ဖြစ်ပါသည်-

(က) **ရောင်းချမည့် ရက်နှင့်အချိန်** - ၁၄-၉-၂၀၂၃ ရက်၊ နံနက်(၉:၀၀)နာရီ
**ပြည်ပရောင်း**
- ပျဉ်းကတိုးသစ်လုံး(ရန်ကုန်) (၁၈၀)တန်ခန့်
- ကညင်သစ်လုံး(ရန်ကုန်) (၁၂၀)တန်ခန့်
- သစ်မာသစ်လုံး(နယ်) (၂၇၀၀)တန်ခန့်

(ခ) **ရောင်းချမည့်ရက် နှင့်အချိန်** - ၂၈-၉-၂၀၂၃ ရက်၊ နံနက်(၉:၀၀)နာရီ
**ပြည်ပရောင်း**
- ကျွန်းသစ်လုံး(ရန်ကုန်) (၈၀၀)တန်ခန့်
- သစ်မာသစ်လုံး(ရန်ကုန်) (၃၁၆)တန်ခန့်
- သစ်မာသစ်လုံး(နယ်) (၈၀၀)တန်ခန့်
- ကျွန်းခွဲသား (၂၄၅)တန်ခန့်
- (SM)ကျွန်း(သစ်လုံး/ခွဲသား) (၃၅၀)တန်ခန့်
- (SM)ပျဉ်းကတိုး(သစ်လုံး/ခွဲသား) (၅၀)တန်ခန့်

**သစ်အခြေခံ**
- ကျွန်းခွဲသား (၂၀၀)တန်ခန့်
- တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံ အကြောင်းကြားပါမည်။

(ဂ) **ရောင်းချမည့် နေရာ** - တော်ဝင်ခန်းမ၊မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သော ကုန်ကြမ်းများအား ဝင်ရောက် ယှဉ်ပြိုင် ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့်Web-Site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ **ဆက်သွယ်ရန်ဖုန်း-၀၁-၂၈၇၄၃၀၊ ၀၁-၅၂၈၇၇၁၊ ၀၁-၅၂၈၇၆၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မ(အရှေ့)ရပ်ကွက်၊ ဦးဝိစာရလမ်းနှင့် အလုံလမ်းထောင့် တိုက်အမှတ်-Tower(2) ၊ Basement + (၆) ခန်းတွဲ RC(၁၀)ထပ်တိုက်၏ အခန်းအမှတ် (8-C1)၊ (၈-လွှာ)၊ ဧရိယာ (၁၇၄၄) စတုရန်းပေရှိ Grand Golden View Tower (2) နှင့် ၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော Dagon International Limited ၏ကိုယ်စား စီယူဟွန်း(ခ)မိုးမြမြ ၁၂/ကမရ(နိုင်)၀၄၅၀၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းမြင့်ဦး ၈/ပခက (နိုင်)၀၂၁၂၈၄၊ ဒေါ်နန်းအုန်းမေ ၁၃/တကန(နိုင်)၀၂၄၁၂၈၊ ဦးခွန်ကျော်မြင့်ထူး ၁၂/လသယ(နိုင်)၀၅၉၅၁၇တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်ဦး ၊ ဒေါ်နန်းအုန်းမေ ၊ ဦးခွန်ကျော်မြင့်ထူး**
**တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**အမှတ်(၁၄) ၊ကျိုက်ခေါက်ဘုရားလမ်း၊Star City၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒြလမ်း၊အမှတ်(၁၀၄) (၂)ခန်းတွဲ၊(၆)ထပ်တိုက်၏တတိယထပ်၊ ၄-လွှာ (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၇x၅၅)ပေရှိ တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇင်လင်းထက် ၁၂/ကမန(နိုင်)၁၁၈၈၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်သော ဒေါ်ဆွေဆွေဝင်း ၁၂/ဥကမ(နိုင်)၀၄၀၈၅၈နှင့် ဒေါ်ရီရီဝင်း ၉/မရမ(နိုင်) ၀၁၆၀၇၇တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လွင်မာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၁၄၃၂၁/၂၇-၄-၁၈)**
**(၂၅၄)၊ သရဖီ(၃)လမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံ**
**ဖုန်း-၀၉-၄၄၈၀၀၁၃၁၄၊ ၀၉-၇၉၅၄၂၀၅၈၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ အကွက်အမှတ်(၇၉၅)၊ အကျယ်အဝန်း(၄၀'x၆၀') မြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို ဦးကြည်ဝင်း ၁၂/မရက(နိုင်)၀၃၂၀၆၅မှသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းယူရန် ဒေါ်ချမ်းမြေ့အောင် ၇/ဒဥန(နိုင်)၂၁၉၂၆၅က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချမ်းမြေ့အောင် ၇/ဒဥန(နိုင်)၂၁၉၂၆၅**
**ဖုန်း-၀၉-၄၂၁၁၀၇၈၉၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၆၇၇)၊ မြေရေိယာ ၀ ဒသမ ၀၈၂ကေရှိ ဦးမင်းနိုင်ထွန်း (ခ) မင်းနွယ်ထွန်း (ဘ) ဦးသန်းထွန်း ၁၂/ဗဟန(နိုင်)၀၀၄၁၈၇ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်နွေးမွန် (ဘ)ဦးစိန်မောင် ၉/ပမန(နိုင်) ၁၆၅၆၉၆ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက် မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှား စာချုပ်လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၈/၂၂)၊ အကွက် အမည် ပွဲဆိပ်ကွင်း၊ ဦးပိုင်အမှတ် (၅၃)၊ ဧရိယာ ၀ ဒသမ ၀၉၀ ဧက ရှိသည့် အနက်မှ ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည်-

(က) အရှေ့လားသော် - ၅၃ကျန်မြေ
(ခ) အနောက်လားသော် - လမ်း
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ၅၁၊၅၄

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးဝူရှင်း- ဒေါ်ရန်လီမြင့်မှ လျှောက်ထားလာသည့်အတွက်ယင်း၏အမည်ကိုပြောင်းလဲ ပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် စက်တင်ဘာလ ၃၀ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက် အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ မြေပုံကျေးရွာအုပ်စု၊ မြေပုံကျေးရွာရှိ (ဘ)ဦးသာဌေး၏ သားဖြစ်သူ ကျွန်တော် ဦးတင်မြင့် ၉/မမန(နိုင်)၀၅၂၆၅၃ မှ ၆-၁၂- ၂၀၁၇ ရက်တွင် ပြင်ဦးလွင်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် ( ၅၆၈ / ၂၀၁၇ ) ဖြင့် ဒေါ်ထွေးထွေးစိန်အား လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ၇-၂-၂၀၁၉ ရက်မှစ၍ အပြီးအပိုင်ပြန်လည် ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် မြန်မာ့အလင်းသတင်းစာတွင် ၁၇-၂- ၂၀၁၉ရက်က ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါထပ်မံ၍ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးတင်မြင့် ၉/ မမန(နိုင်)၀၅၂၆၅၃**
**မြေပုံကျေးရွာ၊ မြေပုံကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၇၀/၂၆၈)၊ မြေရေိယာ ၀ ဒသမ ၁၅ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်ညွန့်ပါ (၆)ဦး ၉/မခန(နိုင်)၀၇၀၁၃၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ဗိုလ်ရှဲလမ်း၊ အမှတ်(၇၄)နေ ဒေါ်ခင်သန်းဦး ၁၂/လသန(နိုင်)၀၀၉၀၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၃၄၊ ဧရိယာ( ၁၁၀/၁၀၅' x၅၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် မင်းလမ်းနှင့်ရှမ်းလမ်း(ယခုခေါ် ဗဟိုရ်လမ်း)ထောင့်ရှိ အမှတ်-၄၈(က)၊ (၃)ခန်းတွဲ(၇)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ် (ယာဘက်အစွန်ဆုံး) ရေမီးစုံ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်ခင်သန်းဦး ၁၂/လသန(နိုင်)၀၀၉၀၉၅ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ သည့်အခန်းဖြစ်ပြီး မောင်ဖြစ်သူ ဦးလှဌေးတို့ မိသားစုအား အခမဲ့နေထိုင်စေခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါတိုက်ခန်းအား ဒေါ်ခင်သန်းဦး မသိရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှု ပြောင်းလဲခြင်းတို့ကို မပြုလုပ်ရန်နှင့်ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား တည်ဆဲ ဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မျိုးထက် (LL.B)** | **ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၇၁၇၉)** | **(စဉ်-၅၁၇၆၉)** |

**အမှတ်(၄)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/7211 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### ( တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ ၂၂ )

### မဟာအောင်မြေခရိုင်တရားရုံးတော်

### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၀၈ နှင့်ဆက်နွယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၀၁

| | | |
|---|---|---|
| ဦးလှမြင့် | နှင့် | ဦးဌေးဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၅၂)၊ ၂၉လမ်း၊ ၈၇-၈၈ လမ်းကြား၊ ဒေါင်းရိုးရပ်ကွက်နေ ဦးဌေးဝင်း(ဘ)ဦးတင်ရွှေ (ကားအရောင်း အဝယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၀၈တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်(၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၆ ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မာလာထွန်း)
ခရိုင်တရားသူကြီး
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆)၊ မြေကွက်အမှတ်(၁၅၈) အကျယ်အဝန်းအလျားပေ(၆၀x၆၀)ရှိ ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း (အလျားပေ၃၀xအနံပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချခွင့်ရှိသူ ဒေါ်ဖြူဖြူခိုင် ၁၁/စတန(နိုင်)၀၉၃၉၁၉ ထံမှ ကျွန်ုပ်ဒေါ်ခင်ထွေး ၆/ကသပ(နိုင်)၀၀၇၁၅၈၊ အမှတ်၈၃၊ ဝါးတန်းလမ်း၊ ၁ ရပ်ကွက်၊ လမ်းမတော်မြို့ နေသူက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ၂-၉-၂၀၂၃ ရက်တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်သတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ထွေး ၆/ကသန(နိုင်)၀၀၇၁၅၈**
**ဖုန်း -၀၉-၇၉၈၄၈၄၃၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ အမှတ်(၁၈၂၇/ခ)၊ ပေ(၂၀x၆၀) အကျယ်ရှိ အိမ်ခြံမြေနှင့် မြေချပါမစ်အမည်ပေါက်ပိုင်ရှင် ဦးမြလှိုင်(I.SN-159232) ထံမှ ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် နောက်ဆုံးဝယ်ယူထားသူ ဒေါ်တင်တင်နွဲ့ ၁၂/မဂတ(နိုင်) ၀၉၅၂၉၄ မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့် သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းနိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၄၄၂)**
**ဖုန်း-၀၉-၉၅၅၇၂၀၆၆၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ်-မြယမုံ၊ မြေကွက်အမှတ်-၂၀၊ (အလျား ၅၉'၆"/၅၉', x အနံ ၇၉'၇"/၇၉'၃" )၊ ဧရိယာ ၀ ဒသမ ၁၀၈ ဧက၊ ၄၇၁၂ စတုရန်းပေ အကျယ်ရှိ ဦးစိုးအောင် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၀၊ ဘုရင့်နောင်လမ်း၊ မြယမုံအိမ်ရာ၊ ကြီးပွားရေး (မြောက်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ဟု ခေါ်တွင်သော (၂)ထပ် RC၊ ရေ၊ မီး အစုံ ပါဝင်သော အဆောက်အအုံ (၁)လုံး အပါအဝင် အကျိုး ခံစားခွင့်များအားလုံးတို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ လက်ရှိထားပိုင်ဆိုင်ထားပြီး တခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထား ခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်ထားရှိ ထားခြင်း၊ တခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း မိမိတို့ကသာ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူများဖြစ်ကြသည့် (၁) ဒေါက်တာ မြတ်ကောင်းထက်ဇော် ၁၂/ဗဟန(နိုင်)၀၉၇၃၂၉၊ (၂) ဦးမင်းသူရ ၁၂/လမတ (နိုင်)၀၀၁၇၁၆၊ (၃) ဦးသံဒိုင် ၈/ပခက(နိုင်)၁၄၁၃၁၄ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေတို့နှင့်ပတ်သက်၍ ပိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာ ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့် တကွ ကန့်ကွတ်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်မြေအရောင်း အဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်မြတ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၅၁)**
**အမှတ် (၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၂၅၀၀၂၁၇၇၂ ၊ ၀၉-၇၉၉၂၅၈၂၀၂**

## Invitation To Bid (ITB)

DANISH REFUGEE COUNCIL

The Danish Refugee Council (DRC) has received grants from UNFPA for the implementation of humanitarian aid in Rakhine State.

DRC is seeking new vendors and requests you to submit bids for **Dignity Kits for Mrauk U, Rakhine State**

Tender No.: **ITB-MM-RGN-2023-02**

ITB Issuing Date: 5th September 2023, from 09:00 AM (Myanmar Time)

Closing date for clarifications: 15th September 2023, 17:00 PM (Myanmar Time)

ITB Closing Date: 19th September 2023, 17:00 PM, (Myanmar Time)

For more information on how to obtain the full tender package, please contact to **Supply Chain Department;**

**Office Address:**
**No. 45, InyaMyaing Road**
**Bahan Township, Yangon**
**Phre Reh**
**Ph-09-253525358** **phre.reh@drc.ngo**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄-ဇက်ဆိပ်)၊ လူနေရပ်ကွက်အမှတ်- စက်မှုဇုန်၊ မြေကွက်အမှတ်(၉၃)၊ အလျားxအနံ (၅၀x၁၄၃)ပေ၊ ဧရိယာ ၀ ဒသမ ၁၆၄ ဧက၊ စတုရန်းပေ (၇၁၅၀)ရှိ ဦးသန်းအောင် ၁၂/ကမတ(နိုင်)၀၄၈၂၃၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းအောင် ၁၂/ကမတ(နိုင်)၀၄၈၂၃၀ မှ တရားဝင် လက်ရောက်နေထိုင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြုလျက် ဂရန်မူရင်းဖြင့် မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘိုဘိုအောင် တရားလွှတ်တော်ရှေ့နေ(စဉ် -၁၇၈၅၃)**
**အမှတ်-(၆၈/၁၈)၊ (၁၆)လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၉၄၇၇၆၇၅၊ ရုံးဖုန်း-၀၉-၄၃၀၇၃၄၄၆၊ ၀၉-၂၅၅၅၃၉၅၃၊ ၀၉-၂၅၅၅၆၅၉၁**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီ မြို့နယ်နေ ကိုနေမင်းခန့် ၅/ရဘန (နိုင်)၂၁၇၇၄၂ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၈၉၄၃၈၇၅၇၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9527 ၏ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ် ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/92753 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်သူ ၉/ခခန(နိုင်)၁၉၂၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့နယ်၊ ကျီးကိုင်ကျေးရွာ၊ D-လမ်းနေ ဒေါ်မွန်မွန်ကျော်မှ ကျော်ကြီး တံဆိပ်အမည်အမှတ်အသားဖြင့် ငံပြာရည်ကြော်နှင့် စားသောက် ကုန်မျိုးစုံလုပ်ငန်း ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည် အမှတ်အသားအား ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံ တင်သွင်း လျှောက်ထားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မွန်မွန်ကျော် ၅ /ဝလန ( နိုင် )၂၁၄၅၃၇**
**ကျီးကိုင်ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၁၀/ပဒေသာ)၊ ဦးပိုင် အမှတ်(၂၅၉)၊ မြေကွက်အမှတ်(မ-၁/၃၆)၊ မြေရေိယာ ၀ ဒသမ ၀၅၅ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်)လျှောက်ထားနိုင်ရေး ဒေါ်ဝင်းနန္ဒာအေးချို ၉/မရမ(နိုင်)၀၉၁၁၃၁နှင့် ဦးဇင်သူဝင်း ၉/ခအဇ(နိုင်)၀၁၃၂၂၅ တို့မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင် အမှတ်(၁၈၁)၊ မြေရေိယာ ၀ ဒသမ ၁၁၀ကေရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၀၈၈/၁၉၉၆-၁၉၉၇)အရ ဦးဌွန်ဆိမ်းဟီအမည်ပေါက်ပြီး အဆိုပါအမည်ပေါက် ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် မြေငှားဂရန်(မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဦးဖလောရင်း ၁၄/ပသရ(နိုင်)၀၁၈၅၇၀မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါ သဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက် အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဦးသိန်းတိုး
## သံအမတ်ကြီး(အငြိမ်းစား)
## အသက်(၈၉)နှစ်

မန္တလေးမြို့၊ ၂၉လမ်း၊ ၈၀x၈၁လမ်းကြား၊ အမှတ် ၂၀၂ နေ (ဦးဖိုးကျောက်-ဒေါ်ဦးဗွန်း)တို့၏သား၊ (ဒေါ်ငြိမ်းငြိမ်း)၊(ဦးထွန်းအောင်)တို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဒေါ်မြမြ)၏ ခင်ပွန်း၊ ဦးဇော်လွင်ဦး၊ ဒေါ်သိင်္ဂီဦး၊ ဒေါ်သိင်္ဂီဝင်း၊ ဒေါ်သီတာဝင်း၊ ဦးတင်မောင်လွင်-ဒေါ်ယဉ်ယဉ်အေး၊ မသန်းသန်းချိုတို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး ဒေါက်တာ ဘုန်းပြည့်ကျော်၏ အဘိုးဖြစ်သူ ဦးသိန်းတိုး သည် ၄-၉-၂၀၂၃ရက် တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်စွာ အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါက်တာညွန့်ညွန့်ဝေ
## အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သံလွင်လမ်း၊ ဗောဓိရိပ်သာလမ်း၊ အိမ်အမှတ် (၃၀)နေ (ရဲမင်းကြီး ဦးကျော်ကျော်)-ဒေါ်လှလှတင်တို့၏ သမီး၊ ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦး-ဒေါက်တာဒေါ်တင်မိုးဝေတို့၏သမီးချွေးမ၊ ဦးသန့်ဇင်ဦး၏ချစ်လှစွာသော ဇနီး၊ ဒေါ်ညွန့်ညွန့်ရီ၏ ညီမ၊ ဦးမြင့်သိန်း၊ ဒေါ်အေးအေးကြူ တို့၏အစ်မ၊ ကိုသက်ထွဋ်ဦး-မမေသင်းကြည်တို့၏ မိခင်၊ မေဦး၏ အဘွား၊ ဒေါက်တာဒေါ်ညွန့်ညွန့်ဝေ အသက်(၆၄) နှစ်သည် ၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ (၂-၉-၂၀၂၃)ရက်(စနေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၃-၉-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ဝတ္ထုငွေအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါ၍ ဝါခေါင်လပြည့်ကျော် ၈ရက်၊ ၈-၉-၂၀၂၃ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးခင်မောင်လေး
## သံအမတ်ကြီး(ငြိမ်း)
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ အေးရိပ်သာ(၂)လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒို(B)၊ အခန်း(၆၀၁)နေ (ဦးခွန်သိမ်း - ဒေါ်တင်ညွန့်)၊ (ဦးကျော်စိန် - ဒေါ်ညွန့်ညွန့်)တို့၏ သားသမက်၊ (ဦးခင်မောင်အေး)- ဒေါ်ခင်စိန်ကြည်တို့၏ ညီ/မောင်၊ (ဦးခင်မောင်ထွေး) - ဒေါ်ကြူကြူဝင်း၊ (ဦးခင်မောင်ငြိမ်း)-ဒေါ်ခင်အေးတင့်၊ (ဦးမြင့်ဆောင်)- ဒေါ်စောမြသန်း၊ ဒေါ်စောမြသိမ်း၊ ဦးစောမြင့်အောင်- (ဒေါ်သန်းသန်းငြိမ်း)တို့၏ အစ်ကို၊ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မသန္တာသိမ်း၏ ချစ်လှစွာသောဖခင်၊ တူ(၈)ယောက်၊ တူမ (၆)ယောက်တို့၏ ဘကြီး ဦးခင်မောင်လေး အသက်(၈၁)နှစ် သံအမတ်ကြီး(ငြိမ်း) သည် ၃-၉-၂၀၂၃ ရက်(တနင်္ဂနွေနေ့) ညနေ ၅:၃၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ArYu International Hospital တွင် ကွယ်လွန်သွားပါသဖြင့် ၅-၉-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။ )နံနက် (၁၀:၀၀)နာရီတွင် ရေဝေးသုသာန် (၁/ခ)တွင် သရဏဂုံတင်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၂၃ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်နီနီမော်
## အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၀၆၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်နေ၊ (ဦးဟိုစိန်-ဒေါ်ကျင်ကော်) တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သဇင်လမ်း၊ သဇင်ကွန်ဒို၊ အမှတ် ၇/၉၊ အခန်း (၇၀၁) နေ Dr. မြတ်နိုး-Dr.ချစ်ရှိန်းမိုး တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ (ဒေါ်စမ်းစမ်း)၊ (ဦးမောင်ခင်)၊ ဦးစိန်-ဒေါ်တင်မာလေး၊ (ဦးထိန်ဝင်း) တို့၏ ညီမဖြစ်သူ ဒေါ်နီနီမော် သည် ၁-၉-၂၀၂၃ရက် (သောကြာနေ့)တွင် Brunei Darussalam နိုင်ငံ Bandar Seri Begawan မြို့ RIPAS ဆေးရုံ၌ ဒေသစံတော်ချိန် မွန်းလွဲ၂:၅၄နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၁:၀၀ နာရီ တွင် Anduki သုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

၇-၉-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၇:၃၀ တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါ အလုံမြို့နယ်နေအိမ်သို့ တရားတော်နာကြွရောက်ကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြတ်မွန်
## အသက် (၆၆) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ (ဦးထိပ်တင်စော-ဒေါ်ကြည်ရှင်) တို့၏ သမီးကြီး၊ (ဦးမြတ်ခိုင်)၏ဇနီး၊ ကိုဝင်းနိုင် - Dr သဉ္ဇာမြတ်ခိုင်၊ မဟေမာမြတ်ခိုင်တို့၏ မိခင်၊ မောင်ထူးဝီရနိုင်၊ မဖူးအဥ္ဇလီနိုင်တို့၏ အဘွားဖြစ်သူသည် ၃-၉-၂၀၂၃ ရက်(တနင်္ဂနွေနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၉-၂၀၂၃ ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူ ဒေါ်မြတ်မွန်၏ ၇ရက်ပြည့် ရက်လည် ဆွမ်းကျွေးတရားနာကို ကျန်ရစ်သူမိသားစုနှင့် အတူ တရားနာရေစက်သွန်းချ အမျှပေးဝေပါရန် Room No.4M၊ The Atrium Condominium အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့် နေအိမ်သို့ ၉-၉-၂၀၂၃ ရက် ( စနေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း တရားတော်နာကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ရွှေ
## အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၁၃၃/ကနေ (ဦးဘသိန်း-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးမြင့်လွင်)၏ဇနီး၊ ဦးဝဏ္ဏသိန်း-ဒေါ်တင်ဆွေဆွေလွင်၊ ဒေါ်တင်မြတ်မြတ်လွင်၊ ဦးနိုင်နိုင်ဝင်း-ဒေါ်တင်မို့မို့လွင်၊ ဦးနိုင်မျိုးဟန်-ဒေါ်တင်ချောစုလွင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မချမ်းမြေ့နေခြည်၊ မောင်ဘုန်းပြည့်နိုင်၊ မလင်းလက်နေခြည်၊ မောင်ရဲဝဏ္ဏတို့၏ အဘွားသည် ၃-၉-၂၀၂၃ရက်၊ မွန်းလွဲ ၂:၄၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်း သွားပါသဖြင့် ၅-၉-၂၀၂၃ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၉-၉-၂၀၂၃ရက်(စနေနေ့)နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာ ဒေါ်ရီရီလွင်
## အသက်(၅၂)နှစ်

(ဦးခင်သောင်း-ဒေါ်မြင့်မြင့်) တို့၏သမီးကြီး၊ (ဦးသူဦး)-ဒေါ်မြတင် တို့၏ချွေးမ၊ မြင်းခြံတက္ကသိုလ် ဆရာမများအိမ်ရာနေ ဦးဝင်းသိန်း၏ဇနီး၊ ကိုဇော်လင်း-ဒေါ်ခင်မင်းဆွေ၊ ဒေါက်တာကျော်စွာဝင်း-ဒေါ်သပြေနုနုဇော်၊ ဒေါ်ဟန်မြမြ(NHL) တို့၏ အစ်မ၊ မလင်းလက်သီရိလွင် (ဒုတိယနှစ်၊ စီးပွားရေး)၏ မွေးသမိခင် ဒေါက်တာ ဒေါ်ရီရီလွင် (၅၂နှစ်) (ဓာတုဗေဒဌာန၊ မြင်းခြံတက္ကသိုလ်)သည် ၁-၉-၂၀၂၃ရက် ည ၈:၁၅ နာရီ ရန်ကုန်မြို့၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၂၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး (စကု)မြို့နယ်၊NO-1 ကိုယ်ပိုင် အထက်တန်းကျောင်း (စကု) Grade-12 မှ မမေဖူးမောင်၏ ဖခင် ဦးကိုကိုမောင်၏ အမည်မှန်မှာ ဦးကိုမောင် ၈/မဘန(နိုင်) ၁၀၇၅၈၁ ဖြစ်ပါကြောင်း။

**ဦးကိုမောင်**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အလက(ခွဲ)လက်ပံကုန်း၌ ပညာသင်ကြားနေသော Grade-8မှ မောင်သက်သန့်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ချိုချိုလင်း ၁/ မကတ(နိုင်)၁၀၆၂၆၅ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၉-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) ၏ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာတွင် မသဉ္ဇာဦး (ခ) သဲသဲ ၉/ အမဇ(နိုင်)၁၈၇၁၉၉ အစား ၉/ အမဇ(နိုင်)၀၈၇၁၉၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ အထကကျွဲတလင်း Grade-6 မှ မရွှေရည်ဝင်းထွန်း၏ဖခင် အမည်မှန်မှာ ဦးဝင်းထွန်းအောင် ၇/ရတန(နိုင်)၀၈၄၇၄၇ ဖြစ်ပါကြောင်း။

## ဦးရဲမြင့် (ရဲမြင့်- စွန့်ဦးတီထွင်)
## ဗဟိုသမဝါယမသင်တန်းကျောင်း ကျောင်းအုပ်ကြီး (ငြိမ်း)
## စီးပွားရေးပညာ ဆောင်းပါးရှင်/ စာရေးဆရာ
## အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် FMI CITY၊ ရွှေစံပယ် ၃ လမ်း၊ ခြံအမှတ် F42 နေ ဒေါ်နှင်းနှင်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာရဲမြင့်-ဒေါ်ရီရီထွန်း၊ ဦးစည်သူရဲမြင့်-ဒေါ်သိမ့်ဖုံဖြူ၊ ဦးသူရိန်ရဲမြင့်-ဒေါ်အေးမာစိုး၊ Dr ဇာနည်ရဲမြင့်-Dr မေမြတ်စံ၊ Dr သံလွင်ရဲမြင့်-Dr မေမြင့်အောင်တို့၏ ဖခင်ကြီး၊ မြေး (၆)ယောက်တို့၏ အဘိုးသည် ၁-၉-၂၀၂၃ရက် နံနက်၂:၂၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၉-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ကာ၊ အရိုးပြာအားဂူသွင်းပြီးဖြစ်ပါကြောင်းနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာအား ၅-၉-၂၀၂၃(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်၌ ပြုလုပ်ပြီးစီးပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ပင်္ကျေးရွာအုပ်စု၊ ပင်္ကျေးရွာနေ ဦးသန်းကြိုင်၏သား ကျွန်တော် မောင်အောင်သူဟိန်း ၈/မလန(နိုင်)၀၉၈၂၄၀ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် ME-063810 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၁၃၆၉၅၉၄

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၆)၊ အမှတ် (၅၉/၆၆)၊ ကွင်းအကွက်အမှတ် (၅၉)၊ ကွင်း/အကွက်အမည် ဗလီအရှေ့တောင်မြေကွက် /ဦးပိုင်အမှတ် (၆၆) ဧရိယာ (၀ဒသမ၁၀၃)၊ စတုရန်းပေ ၄၄၈၇၊ မြေအမျိုးအစား (H)၊ နှစ် (၃၀)ဂရန် မှာ ဦးအောင်တိုးအမည်ပေါက်သည့် ဂရန်ဖြစ်ပြီး အရှေ့သို့လားသော် မြေကွက်အမှတ် (၆၇)၊ အနောက်သို့လားသော် လမ်း ၊ တောင်ဘက်သို့လာသော် မြေကွက်အမှတ် (၆၅)၊မြောက်သို့လားသော် မြေကွက်အမှတ် (၆၃) မြေကွက်အား (၇-၁၁-၂၀၁၀)ရက် နှစ်ဦးသဘောတူအိမ်/ခြံ/မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးစံအောင်(ဘ)ဦးဥာဏ် က ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူတစ်ဦးဖြစ်ပါသည်။ ဦးအောင်တိုး အမည်ပေါက် နှစ်(၃၀) ဂရန်မှာ ၂၀၂၁ ခုနှစ်တွင် ဂရန်သက်တမ်းကုန်ဆုံးသွားပြီဖြစ်ပါသောကြောင့် ယင်းမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဦးစံအောင်မှ ဂရန်အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါသည်။ ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည်အဆိုရှိသည့် မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများ၊ ပိုင်ဆိုင်မှုမှတ်တမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဂရန်အမည်ပြောင်းခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစံအောင်(ဘ)ဦးဥာဏ် ၉/ရမသ(နိုင်) ၁၁၁၈၇၇**
**အမှတ်(၅၉/၆၆)၊ ရပ်ကွက်(၆)၊ နယ်မြေ(၉)၊ နှင်းဆီလင်း၊**
**အေးသာယာမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(မြောက်)ရပ်ကွက်၊ အမှတ် ၁၅- ၆လွှာ(B)၊ အရှေ့ကုန်းလမ်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရူပါဦး ၁၂/ပဘတ(နိုင်)၀၀၂၁၃၂ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စုကြည်လတ် ၁၂/ဥကတ(နိုင်) ၁၂၇၃၇၈ အား စရန်ငွေယူ၍ ရောင်းချထားပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုကြည်လတ် (ဖုန်း-၀၉-၂၅၆၅၇၃၄၆၈)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/17646, Honda C-90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်းထွန်း ၉/မခန(နိုင်)၁၇၉၁၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/82683, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ မြေကွက်အမှတ် (၅၆၄)၊ မြေဧရိယာ (၀.၀၅၅)ဧက၊ (၄၀ပေ x ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေအကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၅၆၄)၊ ရွှေယင်းမာလမ်းနှင့် ဆင်းသိင်္ဂီလမ်းထောင့်၊ ၄၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် အာရ်စီအမျိုးအစား (ဆောက်လုပ်ဆဲ) (၃)ထပ်တိုက် အဆောက်အအုံ (၁)လုံး၊ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် ဦးတိုးထက်အောင် (ဘ) ဦးအောင်ဇော်မြင့် ၁၂/ရကန(နိုင်) ၀၇၃၈၈၅၊ ဒေါ်သန်းသန်းအေး (ဘ)ဦးလှရွှေ ၁၂/ရကန(နိုင်) ၀၁၁၀၁၃ အမှတ် (၈/အေ)၊ ၄-လွှာ၊ အခန်း (၃၀၁)၊ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၁၄၃၃** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၆၀၂၉)၊ ဧရိယာ (၀ဒသမ၁၄၇)ဧကရှိ ဦးထွန်းဝင်းနိုင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၁၆၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ထွန်း ၁၂/မဂဒ(နိုင်) ၁၀၃၄၅၈ မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးကျော်ကျော်ဟိန်း(ခ)ဆလက်ာကူမိုင်(ရ်) ၁၂/သခန (နိုင်)၁၀၈၅၆၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❖ **တပ်မတော်အနေနဲ့ မည်သည့်ခေတ်၊ မည်သည့်အစိုးရပင်ဖြစ်စေ “ ပြည်သူ့သား အမိ၊ ပြည်သူ့သားအဖ” လို့ ခံယူပြီး နိုင်ငံတော်ကို ပါတီစုံစနစ်ပေါ်မှာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့အတွက် ထိန်းသိမ်း စောင့်ရှောက်ပေးသူနဲ့ ပြည်သူလူထုအကျိုးအတွက် ကာကွယ်စောင့်ရှောက်နေသူ Guardian အဖြစ် အစဉ်အမြဲ ဆက်လက်တည်ရှိနေမှာ ဖြစ်ကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၈) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားၣ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မူဆယ်မြို့ နယ်စပ်လူဝင် ထွက်ဂိတ်များမှ တရားဝင် ၇ ရက် နေထိုင်သွားလာခွင့် နှစ်နိုင်ငံ ဝင်ထွက်ကတ် (တစ်ခါသုံးကတ်) များဖြင့် စတင်ဝင် ထွက်သွားရောက်နိုင်

**မူဆယ် စက်တင်ဘာ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ နယ်စပ်လူဝင်ထွက်ဂိတ်များနှင့် ကူးသန်းရောင်းဝယ်ရေး နယ်စပ်ကုန်သွယ်ရေးဂိတ်များကို ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကြောင့် ၂၀၂၀ ခုနှစ် မတ်လကုန်ပိုင်းမှစ၍ နှစ်နိုင်ငံလူဝင်ထွက်နှင့် ကူသန်းရောင်းဝယ်မှုတို့ကို ခေတ္တယာယီပိတ်ထားခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ ကူးသန်းရောင်းဝယ်ခြင်းနှင့် လူဝင်ထွက်ဂိတ်များကို နှစ်နိုင်ငံ ဝင်ထွက်စာအုပ် (BP) စာအုပ်များကို စတင်ပြုလုပ်ပေးခဲ့ကာ ဝင်ထွက် သွားလာနိုင်ခဲ့သည်ဖြစ်ရာ ယနေ့ မွန်းတည့် ၁၂ နာရီမှစ၍

*စာမျက်နှာ ၈ ကော်လံ ၁* ✻




မူဆယ်မြို့ နယ်စပ်လူဝင်ထွက် ဂိတ်တွင် ယာယီနယ်စပ်ဖြတ်သန်းခွင့်ကတ်ပြား (TBP)– တစ်ခါသုံးကတ်များ ဆောင်ရွက်ပေးစဉ်။


**ယနေ့ သတင်းအညွှန်း**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ**
ပြည်တွင်းသတင်း စာ ၈

**စပေ့အိတ်စ် ခရူး-၆ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ**
နိုင်ငံတကာသတင်း စာ ၁၃

**(၅၂) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ ထုတ်ပြန်**
ပြည်တွင်းသတင်း စာ ၁၄


## ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၄** – ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်အလယ်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် စက်တင်ဘာ ၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## အမ်ဘာပေ၏ သွင်းဂိုးများနှင့်အတူ လိုင်ယွန်ကို ဂိုးပြတ်အနိုင်ရခဲ့သည့် ပီအက်စ်ဂျီ

လီဂူးဝမ်းပွဲစဉ် (၄) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံး ပွဲစဉ်တစ်ပွဲဖြစ်သည့် လိုင်ယွန်နှင့် ပီအက်စ်ဂျီအသင်း ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယား အဆင့် (၂) သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို လိုင်ယွန် အိမ်ကွင်း၌ စက်တင်ဘာ ၄ ရက် နံနက် ၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၅၁၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻

